# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကပ်ငြိစိတ်မရှိသူ**

နိဗ္ဗာန်ကို အားကြီးစွာ လိုလားသည်ဖြစ်၍ စိတ်ဖြင့် တွေ့ထိကာ ကာမဘုံတို့၌ ကပ်ငြိစိတ်မရှိသူကို အထက် အကနိဋ္ဌဘုံသို့ အစဉ်အတိုင်း သွားမည့်သူဟု ဆိုအပ်၏။

ပိဋကတ်(ဓမ္မပဒ - ၂၁၈)


၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၃၅၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ညောင်ဦးမြို့နယ်၌ ကျောက်ကူးလျှပ်စစ်မြစ်ရေတင်ရေဖြင့် မိုးစပါး ဧက ၁၅၀ ကျော် စိုက်ပျိုးပြီးစီး

ညောင်ဦး စက်တင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကျောက်ကူးမြစ်ရေတင်မှ ပေးလွှတ်သော လျှပ်စစ်မြစ်ရေတင်ရေဖြင့် မိုးစပါး ၁၅၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့နယ် ကျောက်ကူး လျှပ်စစ်မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဇူလိုင်လတွင် စတင်ပျိုးထောင်ခဲ့ကြောင်း၊ ဩဂုတ်လဆန်းပိုင်းကစတင်၍ ပျိုးပင်များလယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ကျောက်ကူးလျှပ်စစ်မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးမှာ ရောမင်း၊ မနောသုခ၊ ဆင်းသုခစပါးမျိုးများသာ တောင်သူများစိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း စပါးတစ်သီးရင့်မှည့်ချိန်အထိ ငါးလကြာမြင့်ကြောင်း မိုးစပါးစိုက်တောင်သူများက ပြောသည်။

*စာမျက်နှာ ၄ ကော်လံ ၅* ❒



ယနေ့ *ဖတ်စရာ*

## ဆုပ်မထားနှင့် ... ဖြန့်လက်များ ပေးမျှဝေရန်သာ

ဆောင်းပါး | စာ ၁၀

## အွန်လိုင်းပေါ်မှ လိမ်လည်မှုတွေ၊ လောင်းကစားမှုတွေ သတိထားပါ

ဆောင်းပါး | စာ ၁၂

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများနှင့် စီးထွက်မှု

စစ်ကိုင်း စက်တင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့် ရေဦးခရိုင်များအနက် ရွှေဘိုနှင့် ရေဦးခရိုင်များတွင် ရောမင်းစပါး လက်ကျန်မရှိသလောက် နည်းပါးနေကြောင်း၊ ခရိုင်အားလုံး၌ စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် ဈေးအေးနေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ (ဒုတိယပတ်) တွင် ဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများမှာ ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်ရှိ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀ ၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ ၊ နှစ်စပါး(ရွှေဝါထွန်း) စပါးတင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ နှစ်စပါး(ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ရေဦးခရိုင် ရေဦးမြို့နယ်တွင် ပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ နှစ်စပါး (ရွှေဝါထွန်း)တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၀၀၀၀၀၊ နှစ်စပါး(ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖




# နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအကျဆုံးသောရန်သူနှစ်ရပ်

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ခေတ်မီစက်မှုနိုင်ငံအဖြစ် ထူထောင်ရန်ကြိုးပမ်းမှုများ အောင်မြင်မှုမရရှိစေရန် အဓိကအဟန့်အတားနှစ်ရပ်ရှိသည်။ ၎င်းအဟန့်အတားနှစ်ရပ်တို့ ထုထည်ပမာဏကြီးမားစွာ ရှိနေသရွေ့၊ ၎င်းတို့ကို ဖယ်ရှားရှင်းလင်းမှု မပြုလုပ်နိုင်သရွေ့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရန်ဆိုသည်မှာ မဖြစ်နိုင်လောက်အောင်ပင် ခဲယဉ်းမည်ဖြစ်သည်။ အဂတိလိုက်စားမှုနှင့်တရားမဝင်ကုန်သွယ်မှုတို့သည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ပြင်းပြင်းထန်ထန်ပိတ်ဆို့ဟန့်တားလျက်ရှိသည့် မြေပေါ်ရန်သူများဟုဆိုနိုင်ပြီး ထိထိရောက်ရောက်တိုက်ဖျက်သွားရန် လိုအပ်လျက်ရှိသည်။

အဂတိလိုက်စားမှုသည် ကမ္ဘာပေါ်ရှိ နိုင်ငံအားလုံးတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး နိုင်ငံရေးရာထူးနယ်ပယ်နှင့်အဆင့်မြင့်ရာထူးနယ်ပယ်များတွင် အများဆုံးတွေ့ရသည်ဟု ဆိုသည်။ အဂတိလိုက်စားမှုဟု ဆိုရာတွင် လာဘ်ပေးလာဘ်ယူပြုခြင်း၊ အကျင့်ပျက်ခြစား(အလွဲသုံးစားပြု)ခြင်း၊ ဩဇာအာဏာကိုသုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း၊ တာဝန်ကိုအလွဲသုံးစားပြုခြင်း၊ တရားမဝင် ကြွယ်ဝချမ်းသာလာခြင်း၊ ငွေကြေးခဝါချခြင်း၊ ဆိုခဲ့ပါပြစ်မှုများနှင့် ဆက်နွှယ်၍ ဖုံးကွယ်ခြင်း၊ တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားခြင်းတို့ပါဝင်သည်။ ယေဘုယျအားဖြင့် “အဂတိလိုက်စားမှုဆိုသည်မှာ ကိုယ်ကျိုးစီးပွားအတွက် အများပြည်သူဆိုင်ရာလုပ်ငန်းဌာနကို အသုံးချခြင်း” ဟူ၍ ကမ္ဘာ့ဘဏ်က ဖွင့်ဆိုထားသည်။

အဂတိလိုက်စားမှုများက ဌာနအသီးသီးတို့၏ စွမ်းဆောင်ရည်တို့ကို ဆုတ်ယုတ်ကျဆင်းစေပြီး ရည်မှန်းချက်တာဝန်များ မပြီးမြောက်ခြင်း၊ မအောင်မြင်ခြင်းတို့ကို ဖြစ်ပေါ်စေသည်။ နိုင်ငံ၏ သဘာဝသယံဇာတများ အလဟဿဆုံးရှုံးခြင်း၊ ရသင့်ရထိုက်သော အခွန်အခများ မရရှိခြင်း၊ သဘာဝပတ်ဝန်းကျင်များ ပျက်စီးခြင်း၊ နိုင်ငံသားတို့၏ ရပိုင်ခွင့်အခွင့်အရေးများ ဆုံးရှုံးခြင်း၊ တရားဥပဒေစိုးမိုးမှု လျော့နည်းကျဆင်းခြင်း၊ နိုင်ငံ၏အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးမှုမရှိခြင်း၊ ကျန်းမာရေးနှင့် ပညာရေးအဆင့်အတန်းများ နိမ့်ကျခြင်း၊ ကုန်ထုတ်လုပ်မှုများကျဆင်းခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများတွင် စာရိတ္တမဏ္ဍိုင်များ ပျက်စီးခြင်း၊ အကျင့်ပျက်လူ့အဖွဲ့အစည်းအသွင်ဖြစ်ပေါ်လာခြင်းနှင့် အစိုးရအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ကင်းမဲ့လာကာ ဆန့်ကျင်မှုဖြစ်ပေါ်လာခြင်း စသည့်အကျိုးဆက်များစွာတို့မှာ အဂတိလိုက်စားမှုများ ကြီးထွားနေမှုနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာနေမည်ဖြစ်သည်။

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၏ ဒုတိယမြောက်ရန်သူမှာ တရားမဝင်ကုန်သွယ်မှုဖြစ်သည်။ တရားဝင်ပေးသွင်းရမည့်အခွန်အခများကို ရှောင်လိုခြင်း၊ တားမြစ်ထားသည့်ကုန်စည်များ၊ ကုန်ပစ္စည်းအတု၊ အရည်အသွေးမပြည့်မီသည့်ကုန်ပစ္စည်းများကို တင်သွင်းလိုခြင်း စသည်တို့ကြောင့် တရားမဝင်ကုန်သွယ်မှုပြုကြခြင်းဖြစ်သည်။ တစ်ဖက်တွင်လည်း အစိုးရ၏မူဝါဒ၊ ရှောင်းလိုအားနှင့်ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုနှင့် ကုန်သွယ်မှု၊ အကောက်ခွန်စနစ်ဟူသောအခြေခံအကြောင်းရင်းများလည်း ပါသည်ဟု ဆိုသည်။ မိမိတို့နိုင်ငံတွင် တရားမဝင်ကုန်သွယ်မှုပမာဏမှာလည်း လွန်စွာကြီးမားလျက်ရှိပြီး တရားဝင်ကုန်သွယ်မှုထက်ပင် များစွာပိုမိုနေသည်ဟု သိရသည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် တရားဝင်ကူးသန်းရောင်းဝယ်မှုများကို ထိခိုက်စေသကဲ့သို့ ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကိုလည်း ဆုံးရှုံးနစ်နာစေသည်။ နိုင်ငံတော်၏ ရသင့်ရထိုက်သော အခွန်အခများ ဆုံးရှုံးရသလို ပြည်သူလူထုအတွက်လည်း အရည်အသွေးညံ့ဖျင်းသောကုန်ပစ္စည်းများ၊ ကုန်ပစ္စည်းအတု၊ စားသောက်ကုန်အတု၊ ဆေးဝါးအတုနှင့် စားသုံးရန်မသင့်သော၊ သက်တမ်းလွန်နေသော၊ အန္တရာယ်ဖြစ်ပေါ်နိုင်သောစားသောက်ကုန်များကြောင့် အန္တရာယ်များဖြစ်ပေါ်နိုင်သည်။ အကောက်ခွန်မဲ့ဝင်ရောက်လာသည့်ကုန်များကြောင့် ပြည်တွင်းကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ ရေရှည်တွင် မရပ်တည်နိုင်တော့ဘဲ လုပ်ငန်းပျက်စီးခြင်းနှင့်အတူ အလုပ်အကိုင်များလည်း ဆုံးရှုံးကြရသည်။

အဂတိလိုက်စားမှုနှင့် တရားမဝင်ကုန်သွယ်မှုတို့ကို တိုက်ဖျက်ခြင်းသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီစက်မှုနိုင်ငံတည်ဆောက်နိုင်ရေးတို့အတွက် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဖြစ်ရာ နိုင်ငံတော်က အလေးအနက်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူတစ်ရပ်လုံးကလည်း ပူးပေါင်းပါဝင်ကြရပါမည့်အကြောင်း။ ။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံးယာယီတာဝန်ခံကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် ကာတာသံရုံး ယာယီတာဝန်ခံ ဒေါက်တာ ရာရှစ် အက်ဘ်ဒူလာ အမ်အေအယ်လ် - ကူဝါရီ ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးချုပ်၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာ-ကာတာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ယဉ်ကျေးမှုဖလှယ်ရေး အစရှိသောကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးရန် ရှိသည့် သဘောတူစာချုပ်များကို ဆွေးနွေးညှိနှိုင်းမှုများ ဆက်လက်ဖော်ဆောင်ရေး၊ ရခိုင်ပြည်နယ် မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ် အကောင်အထည် ဖော်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် အထူးသဖြင့် အာဆီယံ-အာရပ် ပင်လယ်ကွေ့ ပူးပေါင်းဆောင်ရွက်ရေး ကောင်စီနှင့် ကုလသမဂ္ဂမူဘောင်အောက်မှ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## နီပေါနိုင်ငံ၏အခြေခံဥပဒေရေးဆွဲခြင်း (၈)နှစ်မြောက်အထိမ်းအမှတ်နှင့် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

နီပေါနိုင်ငံ၏အခြေခံဥပဒေရေးဆွဲခြင်း (၈)နှစ်မြောက်နှင့် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ Wyndham Grand Hotel ၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံတော် သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E.Mr. Harishchandra Ghimire က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီးနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များက နီပေါနိုင်ငံ၏ အခြေခံဥပဒေရေးဆွဲခြင်း (၈) နှစ်မြောက်နှင့် အမျိုးသားနေ့ အထိမ်းအမှတ် ကိတ်ကို လှီးဖြတ်ပေးကြသည်။ **(အောက်ဝဲပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးတို့က တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားသို့တက်ရောက်လာကြသူများအား သံအမတ်ကြီးက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကာ နီပေါနိုင်ငံ၏ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာနိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကကြီးမှူး၍ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်၍ သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိရာ သတင်းမီဒီယာသမားများ အရည်အသွေးမြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၆/၂၀၂၃) ကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံးသင်တန်းခန်းမ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) က သတင်းမီဒီယာသမားများအနေဖြင့် သတင်းမီဒီယာဥပဒေ၊ ကျင့်ဝတ်များကို လိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သတင်းမီဒီယာကဏ္ဍမှ တာဝန်ကျေပွန်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စတုတ္ထမဏ္ဍိုင်အဖြစ်ရပ်တည်နေသည့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ သတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာများနှင့် သတင်းလောကသားများအတွက် သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ထိန်းကျောင်းပံ့ပိုးကူညီဆောင်ရွက်ပေးနေကြောင်း၊ ယခုဖွင့်လှစ်သော သင်တန်းသည် သတင်းရယူခြင်း၊ အကဲဖြတ်အနက်ကောက်အတည်ပြုခြင်း၊ သတင်းအခြေအမြစ်နှင့် သတင်းဌာနများကို မှန်ကန်စွာဆက်စပ်ကာ သတင်းအမှန်များတည်ဆောက်ခြင်းများနှင့်ပတ်သက်၍ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သောနည်းပြများက ဆွေးနွေးပို့ချပေးမည်ဖြစ်ရာ အတိုင်းအတာတစ်ခုအထိ အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း၊ သို့ရာတွင် အလုံးစုံပြီးပြည့်စုံစေခြင်းတော့ မရှိနိုင်ပါကြောင်း၊ မှန်ကန်တိကျသောသတင်းများ ပြည်သူလူထုထံ အချိန်နှင့်တစ်ပြေးညီ စီးဆင်းစေနိုင်ရန်အတွက် သင်တန်းအတွေ့အကြုံများကို အခြေခံ၍ ဆက်လက်ကြိုးပမ်းအားထုတ်သွားကြစေချင်ပါကြောင်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲသို့ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများ၊ ကောင်စီဝင်များနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများမှ သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်သည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပူတာအိုခရိုင်အတွင်းရှိ ဘာသာရေးအသင်းအဖွဲ့များအတွက် ဆန်၊ ဆီများ လှူဒါန်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုအားပေး

ပူတာအို စက်တင်ဘာ ၂၀

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ပူတာအိုမြို့ ဒုတ္တန်ရပ်ကွက်အတွင်းရှိ နမ့်ထွမ်ချောင်းရေမှ ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုကြသည်။**



ထို့နောက် ပူတာအိုမြို့ မြို့မရပ်ကွက်အတွင်းရှိ တောင်တန်းသာသနာပြုကျောင်းတိုက်သို့ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဟိုခိုကျောင်းဆရာတော်အမှူးပြုသော ဆရာတော်/သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဟိုခိုကျောင်းဆရာတော်ထံ လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်၊ ဆီနှင့်ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ဆရာတော်/သံဃာတော်များအတွက် ဆွမ်းဆန်တော် ခုနစ်အိတ်၊ ဆီ လေးပုံး၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

### ဝိုင်းဝန်းပူးပေါင်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုပရဟိတ အသင်း/အဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်ကို ရေးဆွဲချမှတ်ပြီး အဓိက နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ မိမိတို့တစ်ဦးချင်းစီက စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ငြိမ်းချမ်းရေးရရှိရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များတွင်လည်း အားလုံးက ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ယာပုံ)**

### ထောက်ပံ့ပေးအပ်

ဆက်လက်၍ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိရပ်ဖများက ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုခရိုင်ဖွံ့ဖြိုးတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များအတွက် အမှတ်တရလက်ဆောင်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် လူမှုပရဟိတအသင်းများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။



### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တိုးတက်လာသည့် မြို့ပြများနှင့် တန်းတူညီမျှသည့် ဖွံ့ဖြိုးတိုးတက်သော တောင်ပေါ်ဒေသများဖြစ်စေရေး ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုအပေါ် စနစ်တကျ စီမံခန့်ခွဲသွားရေးနှင့် လိုအပ်သည်များအပေါ် ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ အသီးသီးမှ ဘာသာရေးခေါင်းဆောင်များနှင့် တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အမှာစကား ပြောကြား၍ ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့ ၁၃ ဖွဲ့တို့အတွက် ဆန်အိတ် ၁၃ အိတ်၊ ၁၀ ပိဿာဝင် ဆီခြောက်ပုံးနှင့် ငွေကျပ် ၁၃ သိန်းတို့ကို ပေးအပ်လှူဒါန်းကြကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ခရိုင်ပြည်သူ့အားကစားကွင်းအတွင်း ကျင်းပပြုလုပ်သည့် ပူတာအိုခရိုင်အတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် ကလပ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဗိုလ်လုပွဲစဉ်အဖြစ် အာဂါပေအသင်းနှင့် ယူနီတီအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြရာ အာဂါပေအသင်းက ငါးဂိုး - တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ ဘောလုံးအသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က ပထမဆုရ ဘောလုံးအသင်းအတွက် တံခွန်စိုက်ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(အောက်ဝဲပုံ)**

### ရဝမ်အမျိုးသားပြတိုက် သွားရောက်ကြည့်ရှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယနေ့နံနက်ပိုင်းတွင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (နမ့်တာလဲ) ကိုလည်းကောင်း၊ ဒုတ္တန်ရပ်ကွက်အတွင်းရှိ ရဝမ်မနောဥယျာဉ်အတွင်း ရဝမ်အမျိုးသားပြတိုက်ကိုလည်းကောင်း သွားရောက်ကြည့်ရှုပြီး ရဝမ်စာပေနှင့်ယဉ်ကျေးမှုကော်မတီအတွက် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် အဆိုပါ ဒုတ္တန်ရပ်ကွက်အတွင်းရှိအစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ပူတာအို)သို့ သွားရောက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူးရုံးက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား Biometric (ဇီဝဆိုင်ရာ) အချက်အလက် ကောက်ယူခြင်းလုပ်ငန်းများဆောင်ရွက်မှုကိုကြည့်ရှုပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံအတွက် အရေးကြီးလုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက်အလေးထားလုပ်ဆောင်ကြရေးနှင့် ပြည်သူများအားလုံး ပူးပေါင်းပါဝင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း၌ ဒေသခံများအတွက် အခြေခံလျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်းများ သင်ကြားနေမှုနှင့် ကျောင်းသားများအား ဘာသာရပ်အလိုက် ပညာသင်ကြားနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအုပ်ကြီးထံ ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပူတာအိုမြို့ ကောင်ကထောင်ရပ်ကွက်အတွင်းရှိ မတ်ပန်ကွင်း၌ အထွက်တိုး ဆင်းဧကရီ - ၃ မိုးစပါးစိုက်ကွင်းအတွင်း မြေဩဇာကြဲပက်ပွဲနှင့် သဘာဝမြေဩဇာ သရုပ်ပြပြုလုပ်အသုံးပြုနည်းများ တောင်သူအသိပညာပေးအခမ်းအနားသို့ တက်ရောက်ပြီး စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ သရုပ်ပြရှင်းလင်းတင်ပြမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေး၍ ထောက်ပံ့ငွေများကို ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Watanabe Yusuke ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန် - မြန်မာ ချစ်ကြည်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Watanabe Yusuke ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ



လွိုင်ကော် စက်တင်ဘာ ၂၀

**ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ကယားပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား ကုန်ထုတ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံ၍ MSMEs လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းသည် နိုင်ငံစီးပွားရေးကို တိုးတက်စေမည်ဖြစ်၍ MSMEs စီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း ပြည်နယ်စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြရာ ပြည်နယ်အတွင်းရှိ ဒေသထွက်ကုန်ပစ္စည်းများကို One Region One Product အဖြစ် ရွေးချယ်၍ အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် ကယားပြည်နယ် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ တွဲဖက်အတွင်းရေးမှူးက ပြည်နယ်အတွင်း MSMEs စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ်အတွင်းရှိ MSMEs စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် လိုအပ်ချက်များ ၊ ပူးပေါင်းချိတ်ဆက်ပေးစေလိုသည့် ကိစ္စရပ်များကို တင်ပြကြရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ကဏ္ဍအလိုက် ပံ့ပိုးကူညီပေးနိုင်မည့် ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များပူးပေါင်း၍ ကဏ္ဍအလိုက် ဒေသထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားသော အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းပြခန်းများဖြစ်သည့် သစ်အခြေခံထုတ်ကုန်ပစ္စည်းများပြခန်း၊ သမဝါယမ ထုတ်ကုန်ပစ္စည်းများပြခန်း၊ ရေထွက်ထုတ်ကုန်ပစ္စည်းများပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားများ အိမ်တွင်းမှုသက်မွေးလုပ်ငန်းထုတ်ကုန်ပစ္စည်းများပြခန်း၊ စိုက်ပျိုးရေး ထုတ်ကုန်ပစ္စည်းများပြခန်း၊ မွေးမြူရေး ထုတ်ကုန်ပစ္စည်းများပြခန်း၊ စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများပြခန်း၊ အသေးစား စက်မှုလက်မှု ထုတ်ကုန်ပစ္စည်းများပြခန်း၊ ရက်ကန်းလုပ်ငန်းထုတ်ကုန် ပစ္စည်းများ ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

---

# ဒေသအကျိုးပြု စာတွေ့လက်တွေ့မျှတသော သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်သည့် Polytechnic University များ တည်ထောင်ရေး၊ နိုင်ငံတကာအဆင့်မီ သုတေသနအခြေပြု တက္ကသိုလ်ကြီးများ ဖြစ်ပေါ်လာရေး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ညှိနှိုင်းဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၂၀

**ဒေသအကျိုးပြု စာတွေ့လက်တွေ့ မျှတသော သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်သည့် Polytechnic University များ တည်ထောင်ရေး၊ နိုင်ငံတကာအဆင့်မီ သုတေသနအခြေပြုတက္ကသိုလ်ကြီးများ ဖြစ်ပေါ်လာရေး၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့တွင် Washington Accord နှင့်အညီ အင်ဂျင်နီယာအထူးပြုပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုမှုရရှိရေး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ဒေသအကျိုးပြု စာတွေ့လက်တွေ့ မျှတသော သင်ကြားသင်ယူမှုများ ဆောင်ရွက်နိုင်သည့် Polytechnic University များ တည်ထောင်ရေး၊ နိုင်ငံတကာအဆင့်မီ သုတေသနအခြေပြု တက္ကသိုလ်ကြီးများ ဖြစ်ပေါ်လာရေးနှင့် ပတ်သက်၍ အဖွင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ နာယကကြီးများ၊ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဌာနမှူးများက Polytechnic University များ တည်ထောင်ရေး၊ နိုင်ငံတကာအဆင့်မီ သုတေသနအခြေပြု တက္ကသိုလ်ကြီးများ ဖြစ်ပေါ်လာရေး၊ Washington Accord နှင့်အညီ အင်ဂျင်နီယာအထူးပြု ပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုမှု ရရှိရေး ညှိနှိုင်းဆွေးနွေး အကြံပြု ပြောကြားသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အနေဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ချိတ်ဆက်ပြီး အင်ဂျင်နီယာအထူးပြု ပညာရပ်ဆိုင်ရာ အရည်အသွေးစိစစ်အသိအမှတ်ပြုရေး စံသတ်မှတ်ချက်များ (Accreditation Criteria) အရ ပိုမိုပြည့်စုံစွာ စစ်ဆေးခံနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ အင်ဂျင်နီယာအထူးပြု ပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ်အသိအမှတ်ပြုရေး လုပ်ငန်းကော်မတီ (EEAC) အနေဖြင့် International Engineering Alliance ၏ Washington Accord တွင် ပဏာမအသိအမှတ်ပြုအဖွဲ့ဝင် (Provision Signatory) ရရှိပြီး အမြဲတမ်းအသိအမှတ်ပြုအဖွဲ့ဝင် (Full Signatory) ရရှိနိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိသော ရန်ကုန် နည်းပညာတက္ကသိုလ်နှင့် မန္တလေး နည်းပညာတက္ကသိုလ်တို့အား အင်ဂျင်နီယာအထူးပြု ပညာရပ်ဆိုင်ရာ အရည်အသွေး စိစစ် အသိအမှတ်ပြုရေး စံသတ်မှတ်ချက်များ (Accreditation Criteria) အရ ပိုမိုပြည့်မီစွာ စိစစ်ခံနိုင်ရေးအတွက် ဆောင်ရွက်ရမည်များကို Action Plan များ ရေးဆွဲပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

❒ *ရှေ့ဖုံးမှ*

မြစ်ရေတင်ဖြင့်စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧကစိုက်ပျိုးရေသွင်းစရိတ် ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရကြောင်း သိရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့်စပါးများ အထွက်နှုန်းပုံမှန်ကောင်းမွန်ကြောင်း၊ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန်လက်မ ၂၀ အောက်သာရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင် ရေသွင်းရကြောင်း တောင်သူများက ရှင်းပြသည်။

**ဒီပါလင်း**

---

# ကျောင်းသားလူငယ်များ ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်၍ သိရှိစေရန် အသိပညာပေး

ပဲခူး စက်တင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်းပြီး ကျောင်းသားလူငယ်များ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ သိရှိစေရန် စက်တင်ဘာ ၁၉ ရက်နံနက်က အဆိုပါကျောင်း၌ အသိပညာပေး ဟောပြောသည်။

အခမ်းအနားတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါဝင်းကျော်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ရည်ရွယ်ချက်နှင့် ကလေးသူငယ်အခွင့်အရေးများအား ကျောင်းသားလူငယ်များသိရှိစေရန် အသိပညာပေး ရှင်းလင်းပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန၊ ပဲခူးမြို့ အမှတ်(၂)မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာဦးက ကလေးသူငယ်ရရှိနိုင်သည့်အခွင့်အရေးများ၊ မသန်စွမ်းကလေးများရရှိနိုင်သည့်အခွင့်အရေးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ လိုက်နာရမည့်ကျင့်ဝတ်၊ စည်းကမ်းများနှင့် ပတ်သက်၍ အသိပညာပေး ပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအကြောင်းအရာများနှင့်ပတ်သက်၍ သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ရေးရာလေ့လာရေးဌာန ယူနန်တက္ကသိုလ်တို့ပူးပေါင်း၍ စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံမဟာဗျူဟာနှင့်နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် မြန်မာ့ရေးရာလေ့လာရေးဌာန ယူနန်တက္ကသိုလ်တို့ ပူးပေါင်းလျက် "ရပ်ဝန်းနှင့် ပိုးလမ်းမ အဆိုပြုချက်နှင့် မျှဝေခံစားနိုင်သည့် အနာဂတ် အသိုက်အဝန်း ထွန်းကားရေးဆိုင်ရာ တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြား ဆွေးနွေးပွဲကို ယနေ့တွင် ရန်ကုန်မြို့ရှိ Lotte ဟိုတယ်၌ ကျင်းပသည်။

စာတမ်းဖတ်ကြားဆွေးနွေးပွဲသို့ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တို့မှ ပါမောက္ခများ၊ ပါရဂူဘွဲ့ကြိုတန်းနှင့် မဟာတန်းတက်ရောက်နေသည့် ကျောင်းသူများ၊ မြန်မာ့ရေးရာလေ့လာရေးဌာန ယူနန်တက္ကသိုလ်မှ တာဝန်ရှိသူများ၊ ပီကင်း တက္ကသိုလ်၊ ရှာမန်တက္ကသိုလ်တို့မှ ပါမောက္ခများ၊ ပညာရှင်များနှင့် သုတေသီများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**



ထို့နောက် မြန်မာနှင့် တရုတ်နှစ်နိုင်ငံမှ ပညာရှင်များနှင့် သုတေသီ ၁၈ ဦးတို့က ရပ်ဝန်းနှင့် ပိုးလမ်းမ အဆိုပြုချက်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဘက်ပေါင်းစုံမှ လေ့လာသုတေသနပြု ရေးသားထားသည့် စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များနှင့် တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဝင်းအတွင်း၌ အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် အတွက် စခန်းဝင်လေ့ကျင့်လျက် ရှိသော ဝူရှူးအားကစားသမား များနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြိုင်ပွဲတွင် စံချိန်စံညွှန်းကောင်းမွန်ပြီး အရည်အသွေး အရည်အချင်းပြည့်ဝစွာဖြင့် ယှဉ်ပြိုင်သွားရန်၊ နိုင်ငံတော်အနေဖြင့် အားကစားကဏ္ဍကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသည့်အတွက် အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးကို အစွမ်းကုန် ကြိုးစားစေလိုကြောင်း၊ အာရှအဆင့် ဖြစ်သည့်အတွက် ပြိုင်ဘက်ကောင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်၍ အတွေ့အကြုံကောင်းများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ အောင်မြင်မှုရရှိပါက နိုင်ငံတော်မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်သွားမည် ဖြစ်သည့်အတွက် အစွမ်းကုန် ကြိုးစားသွားကြရန် အားပေးစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အင်းယားလမ်းရှိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသော ပြိုင်ပွဲဝင်အားကစားသမားများကို တွေ့ဆုံ၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲနှင့် အိုလံပစ်အားကစားပြိုင်ပွဲများသည် မြန်မာနိုင်ငံအနေဖြင့် အမြဲဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားပြိုင်ပွဲများဖြစ်ကြောင်း၊ ယခုဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားပြိုင်ပွဲတွင်လည်း ယခင်က ရရှိခဲ့သည့် အောင်မြင်မှုများကဲ့သို့ ရရှိအောင် အစွမ်းကုန် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဟန်ကျိုးမြို့တွင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကျင်းပမည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့အနေဖြင့် အမျိုးသားဘောလုံး၊ အမျိုးသမီးဘောလုံး၊ လှေလှော်၊ ပိုက်ကျော်ခြင်း၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ မြားပစ်၊ E-Sports အားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပဆွေးနွေးပွဲနှင့် သင်တန်းအတွေ့အကြုံများ နှီးနှောဖလှယ်ပွဲကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၀

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ နိုင်ငံ့ဝန်ထမ်းများ၏ ပြည်ပဆွေးနွေးပွဲနှင့် သင်တန်း အတွေ့အကြုံများ နှီးနှောဖလှယ်ရေး အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေး ခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)



အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တစ်ဦးချင်းစီ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို မျှဝေခြင်းသည် မိမိလုပ်ငန်းနှင့် မိမိပတ်ဝန်းကျင် တိုးတက်ရေးကို အကျိုးပြုနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း၊ အပြန်အလှန် မေးမြန်းဖြေကြားချက်၊ သုံးသပ်ချက်၊ ဆွေးနွေးချက်များသည် ပိုမိုခိုင်မာသော အချက်အလက်များကို ဖော်ထုတ်ရရှိစေနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ရဲထွဋ်အောင်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၂၂ ခုနှစ် ဩဂုတ် ၆ ရက်မှ ၉ ရက်အထိ တက်ရောက်ခဲ့သည့် ၂၀၂၂ ခုနှစ် အရှေ့တောင်အာရှ တစ်ခုတည်းသော ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်များကွန်ရက်၏ အပြည်ပြည်ဆိုင်ရာ ညီလာခံ၊ မိတ်ဖက်အစည်းအဝေး၊ အမှုဆောင်ဘုတ်အဖွဲ့ အစည်းအဝေးများ၏ အတွေ့အကြုံများနှင့် ဆွေးနွေးချက်များကို လည်းကောင်း၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာ ရဲထွဋ်အောင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာကျော်သူတို့က ၂၀၂၂ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပခဲ့သည့် တိရစ္ဆာန်ဆေးပညာသင်ကျောင်းများ အသိအမှတ်ပြုခံနိုင်ရေးဆိုင်ရာ ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေးအဖွဲ့ချုပ်၏ ဒုတိယအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲအတွေ့အကြုံများနှင့် ဆွေးနွေးချက်များကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးကျော်သန့်စင်က ၂၀၂၃ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၃ ရက်အထိ မလေးရှားနိုင်ငံ Kuala Teteng-ganu မြို့၌ ဖွင့်လှစ်ခဲ့သည့် "သန္တာကျောက်တန်းအတု ဖန်တီးပြုလုပ်ခြင်းဆိုင်ရာ ဒေသတွင်းသင်တန်း" တက်ရောက်ခဲ့မှုနှင့် သင်တန်းတွင် လေ့လာခဲ့ရသည့် နည်းပညာရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ အခမ်းအနား တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ် ဝဲကလိအခြေခံပညာ အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**သံဖြူဇရပ် စက်တင်ဘာ ၂၀**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက ဝဲကလိ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သက်သက်မူက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသီက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ယဉ်ကျေးမှုတန်ဖိုး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာအမျိုးသားလေကြောင်း (MNA) (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၂၀

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်း(Myanmar National Airliens–MNA)၏ (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲကို ယနေ့ ညပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Novotel Hotel Yangon ၌ ကျင်းပသည်။**



အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာအမျိုးသားလေကြောင်းမှ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ ရှေးဦးစွာ LED Animation ဖြင့် ဂုဏ်ပြုညစာစားပွဲအား ဖွင့်လှစ်ပြီး မြန်မာအမျိုးသားလေကြောင်း၊ Chief Executive Officer က နှုတ်ခွန်းဆက်ပြောကြားသည်။

ထို့နောက် မြန်မာအမျိုးသားလေကြောင်း Chief Operating Officer က Airline Operation နှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာအမျိုးသား လေကြောင်း Chief Commercial Officer က Agent Award ရွေးချယ်မှုနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ထူးချွန်ဆုများချီးမြှင့်**

ယင်းနောက် မြန်မာအမျိုးသားလေကြောင်း (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အမှတ်တရ ဂုဏ်ပြုဗီဒီယိုအား LED Screen ဖြင့် ပြသပြီး ၂၀၂၃ ခုနှစ်အတွက်ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်များအား ဂုဏ်ပြုအမှတ်တရဆုများ ချီးမြှင့်ခြင်းနှင့် ၂၀၂၃ ခုနှစ်အတွက် ဌာနအလိုက် ဝန်ထမ်းထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မြန်မာအမျိုးသား လေကြောင်း စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်များက မြန်မာအမျိုးသားလေကြောင်း (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ ဂုဏ်ပြုဆုမွန်စကားများ ပြောကြားကြသည်။

**ပျံသန်းပြေးဆွဲနိုင်ခဲ့**

ထို့နောက် မြန်မာအမျိုးသား လေကြောင်း (၇၅)နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော နိုင်ငံပိုင်ပြည်တွင်း လေကြောင်းလိုင်းဖြစ်ကြောင်း၊ မြန်မာအမျိုးသားလေကြောင်းလိုင်း အနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများနှင့်အခြားပုဂ္ဂလိကလေကြောင်းလိုင်းများ မပြေးဆွဲသည့်နေရာများသို့ လည်းကောင်း၊ ၂၀၁၅ ခုနှစ် အစောပိုင်းမှစ၍ စင်ကာပူ၊ ဘန်ကောက်၊ ချင်းမိုင်၊ ဖူးခက်၊ တရုတ် (ဟောင်ကောင်)၊ ချန်ဒူး၊ ဂါယာမြို့တို့နှင့် ချိတ်ဆက်ပြီး နိုင်ငံတကာ ခရီးစဉ်များကို လည်းကောင်း ပျံသန်းပြေးဆွဲလျက်ရှိရာ ယခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က စိန်ရတုပြည့်မြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ဒေသတွင်းနိုင်ငံများသို့ လေကြောင်းကုန်စည်ပို့ဆောင်ရေးခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ စတင်ပျံသန်း ပြေးဆွဲနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် ITEC Day-2023 အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

အိန္ဒိယနိုင်ငံ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (India Technical and Economic Cooperation) ITEC Day–2023 အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာဗီနေကူးမားနှင့် သံရုံးဝန်ထမ်းများ၊ ITEC မှ တာဝန်ရှိသူများ၊ ITEC အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံတွင် သင်တန်းတက်ရောက်ခဲ့ကြသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။




**စွမ်းဆောင်ရည်မြှင့်သင်တန်းများ ပို့ချ**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီးက အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် ITEC ခေါင်းစဉ်အောက်မှ ၁၉၉၆ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ သင်တန်းသား အရေအတွက် ၂၀,၀၀၀ ကျော်ကို ကာလတို၊ ကာလရှည် စွမ်းဆောင်ရည်မြှင့်သင်တန်းများကို ပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ ITEC သင်တန်းများတွင် တက်ရောက်သင်ကြားခဲ့ကြသူများသည် မိမိတို့၏ တာဝန်ထမ်းဆောင်ရာ လုပ်ငန်းနယ်ပယ်အသီးသီးတို့တွင် အောင်မြင်စွာ တာဝန်ထမ်းဆောင်နေကြသည်ကို လေ့လာတွေ့ရှိရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံနှင့် သင့်လျော်မှုရှိသော သင်တန်းအသီးသီးကိုလည်း ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအရ ဘာသာရပ်ပေါင်းစုံအတွက် သင်တန်းများကို အိန္ဒိယနိုင်ငံတွင် အကူအညီပေးလျက်ရှိရာ ဌာနအသီးသီးမှ ဝန်ထမ်းများစေလွှတ်ပေးနေပါကြောင်း၊ ၁၉၉၈ ခုနှစ်မှ ၂၀၂၃ ခုနှစ် မေလအထိ လျှပ်စစ်ကဏ္ဍမှ သင်တန်းသား ၁၃၇ ဦးကို အိန္ဒိယနိုင်ငံသို့ စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ယခု ITEC အစီအစဉ်မှ ဖွင့်လှစ်ခဲ့သော ဆက်စပ်သင်တန်းများသို့ ၁၂၆ ဦး တက်ရောက်ရန် စေလွှတ်နိုင်ခဲ့ပါကြောင်း၊ ITEC အစီအစဉ်အောက်မှ သင်တန်းများသို့ သင်တန်းသား အရေအတွက် ပိုမိုတိုးမြှင့်စေလွှတ်သွားလိုပါကြောင်း၊ ယခင်ဖွင့်လှစ်ပို့ချခဲ့သည့် သင်တန်းများနှင့် ပတ်သက်၍လည်း သင်တန်းသားများ၏ အကြံပြုချက်များအရ သင်တန်းချိန်များ တိုးပေးစေလိုပါကြောင်း၊ ထို့အတူ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ဆိုင်ရာ သင်တန်းများ၊ နိုင်ငံဖြတ်ကျော် ဓာတ်အားလိုင်းချိတ်ဆက်၍ ဓာတ်အားကုန်သွယ်မှုဆိုင်ရာ သင်တန်းများကိုလည်း အလျဉ်းသင့်သလို ဆက်လက်ဖွင့်လှစ်ပေးပါရန် အဆိုပြုပေးပို့ထားပါကြောင်း ပြောကြားသည်။

ထို့နောက် ITEC ကျောင်းသားဟောင်းများက မိမိတို့ ပညာသင်ကြားခဲ့မှု အတွေ့အကြုံများနှင့် အကျိုးကျေးဇူးများကို အမြင်ချင်းဖလှယ်၍ ရှင်းလင်းဆွေးနွေးတင်ပြကြပြီး ITEC နှင့် ပတ်သက်သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာလာလစ်ကူးမားက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ITEC Day–2023 အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး၊ အိန္ဒိယနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများသည် ITEC သင်တန်းများသို့ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပေါက်တောမြို့နယ်၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ပေါက်တော စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်တက်မော်(ပိုက်ဆိပ်)ကျေးရွာ၌ ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်း (VDP)ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၁၂ သန်းနှင့် ပြည်သူထည့်ဝင် ငွေကျပ် ၂ ဒသမ ၅ သန်းတို့ဖြင့် ဆောင်ရွက်လျက်သည်။



အဆိုပါ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းဆောင်ရွက်နေမှုကို ပေါက်တောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး ဆောင်ရွက်သည်။

အဆိုပါကျေးရွာတွင်းလမ်းမှာ အလျား ၄၈၂ ပေ၊ အကျယ် ၁၀ ပေ၊ ထု ၆ လက်မရှိပြီး လုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ပေကျင်းမြို့ရှိ ဟန်ဇင်းနည်းပညာကုမ္ပဏီသို့ သွားရောက်လေ့လာ၊ Daxing အပြည်ပြည်ဆိုင်ရာလေဆိပ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်ဝင်ဗီဇာကိစ္စရပ်များဆောင်ရွက်မှု လှည့်လည်ကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ ရက် ညနေပိုင်းတွင် ပေကျင်းမြို့ရှိ ဟန်ဇင်းနည်းပညာကုမ္ပဏီ (Hisign Technology Co.Ltd) သို့ သွားရောက်လေ့လာရာ ကုမ္ပဏီဥက္ကဋ္ဌ Mr. Liu Xiaochun က ကုမ္ပဏီ၏ နည်းပညာဆိုင်ရာ ထုတ်ကုန်များအခြေအနေနှင့် စွမ်းဆောင်နိုင်မှု၊ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက် (Bio-graphic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) ကောက်ယူနိုင်သည့် နည်းပညာဆိုင်ရာ စက်ကိရိယာများ အသုံးပြုဆောင်ရွက်မှု အခြေအနေတို့ကို လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား အစည်းအဝေးခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကုမ္ပဏီသမိုင်းကြောင်းနှင့် Biometric ဆိုင်ရာ နည်းပညာဆိုင်ရာ ထုတ်ကုန်များ ဈေးကွက်ဖြန့်ချိနိုင်မှု၊ တရုတ်နိုင်ငံအစိုးရနှင့်ပူးပေါင်း၍ e-ID စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ ID ကတ်များ ထုတ်လုပ်ပေးနိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးသည်။

စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiaoming နှင့်အတူ ပေကျင်းမြို့ရှိ Daxing အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက လေဆိပ်ဖွင့်လှစ်ခဲ့မှုနှင့် ပြည်တွင်းပြည်ပ ခရီးသည်များ ဝင်ထွက်သွားလာမှုအခြေအနေ၊ လေဆိပ်ပြည်ပထွက်ခွာကောင်တာများ၌ နိုင်ငံကူးလက်မှတ် (Pass-port)အား နည်းပညာအသုံးပြု စစ်ဆေးမှုနှင့် ခရီးသည်တစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်များ ကောက်ယူနေမှု၊ အီလက်ထရောနစ် နိုင်ငံကူးလက်မှတ် (e-Passport) ကိုင်ဆောင်သူများအတွက် နည်းပညာဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်မှုစနစ် အသုံးပြုမှုအခြေအနေတို့ကို လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီး၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်အဖွဲ့သည် ပေကျင်းမြို့ရှိ Daxing ပြည်ဝင်/ပြည်ထွက်နှင့် နိုင်ငံခြားသားများ စီမံခန့်ခွဲရေးဌာန (Daxing New Gateway of China) သို့ သွားရောက်၍ နိုင်ငံခြားသားများကို ပြည်ဝင်ဗီဇာအမျိုးမျိုး ခွင့်ပြုထုတ်ပေးမှု၊ နေထိုင်ခွင့်ဆိုင်ရာနှင့် နေထိုင်ခွင့်သက်တမ်း တိုးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နေမှု၊ တရုတ်နိုင်ငံသားများအား နိုင်ငံကူးလက်မှတ် (Passport) ထုတ်ပေးနေမှု၊ ယင်းလုပ်ငန်းစဉ်များအား နည်းပညာအသုံးပြု၍ ၂၄ နာရီ ဝန်ဆောင်မှုပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြရာ လုပ်ငန်းတာဝန်ခံများက လုပ်ငန်းဆိုင်ရာဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက သိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၉ ရက်က ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး ရင်ပြင်၌ ပဲခူးမြို့ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းခိုင် ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးပြုလုပ်စဉ်။ ကိုရဲ

# Junior Golf Myanmar (JGM) ၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က စီစဉ်ကျင်းပမည့် Junior Golf Myanmar(JGM) ၏ ၁၀ နှစ်ပြည့် အထိမ်းအမှတ် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်းနှင့် အမျိုးသမီး ၁၈ နှစ်အောက် သက်တမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး စိန့်အင်ဒရူး ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းမှ Junior ဂေါက်သီးရိုက် အားကစားသမားများ အနေဖြင့် အောက်တိုဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်းနံပါတ် ၀၉-၅၁၉၃၄၂၃ သို့ အမည်စာရင်း ပေးသွင်းနိုင်ပြီး ပြိုင်ပွဲဝင်ကြေး အခမဲ့သတ်မှတ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်သည် လူငယ်ဂေါက်သီးရိုက်ကစားသမားများ စဉ်ဆက်မပြတ် ထွက်ပေါ်လာစေရန် ရည်ရွယ်၍ လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

**ကိုညီလေး**

# လက်ပံတန်း၌ လူငယ်စကားဝိုင်းကျင်းပ

**လက်ပံတန်း စက်တင်ဘာ ၂၀** - ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့ နံနက်က အ.ထ.က (၂)ကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လက်ပံတန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းက လူငယ်စကားဝိုင်းများ ကျင်းပခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လူငယ်စကားဝိုင်းကျင်းပရာ ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းနှင့် မြို့နယ်စာပေချစ်သူများအသင်း ဥက္ကဋ္ဌ ဆရာမြင့်သိန်း(ရွှေတောင်-ချည်/ထည်/ချော)တို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်လူမှုကွန်ရက်မီဒီယာ၊ လူငယ်နှင့်စာပေခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

❖ *ရွှေဖိုးမှ*

ကလေးခရိုင် ကလေးမြို့နယ်တွင် ဧည့်မထ (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ ငစိန်(စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၃၁၀၀၀၀၀၊ ငစိန် (ဆန်) ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၀၀၀၀၀၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀၊ နှံစပါး(ဒေသမျိုး) (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀၀၀၊ နှံစပါး(ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင် အင်းတော်မြို့နယ်တွင် မော်ဘီ-၂ (စပါး)တင်း ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀၊ မော်ဘီ-၂ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၁၀၀၀၊ ဆင်းကေရီ-၃ (စပါး) တင်း ၁၀၀လျှင် ငွေကျပ် ၂၁၀၀၀၀၀၊ ဆင်းကေရီ-၃ (ဆန်) ၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၈၅၀၀၀၊ ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၄၀၀၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀၊ နှံစပါး(ဆင်း-၃) (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀၀၀၊ နှံစပါး (ဆင်း-၃) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင် မုံရွာမြို့တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၂၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၂၅၀၀၀၀၀၊ မနောသုခ(ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင် ကန့်ဘလူမြို့တွင် ရောမင်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၀၀၀၀၀၀၊ ရောမင်း (ဆန်)၂၄ ပြည်ပါတစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀၊ နှံစပါး ရွှေဝါထွန်း(စပါး) တင်း ၁၀၀ လျှင် ငွေကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်း (ဆန်)၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စက်တင်ဘာလ(ပထမပတ်)တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၁၀၀၀၊ မန္တလေးသို့ အိတ်ရေ ၂၃၇၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၅၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၃၅၀၀၊ ရှမ်း(မြောက်) သို့ အိတ်ရေ ၃၅၀၀၊ ကချင်သို့ အိတ်ရေ ၂၀၀ စုစုပေါင်း အိတ်ရေ ၄၇၅၀၀၊ တန်အားဖြင့် ၂၃၇၅ တန် စီးထွက်ခဲ့ပြီး စက်တင်ဘာလ (ဒုတိယပတ်)တွင် ရန်ကုန်သို့ အိတ်ရေ ၁၇၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉၆၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆၀၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၄၅၀၀ စုစုပေါင်း အိတ်ရေ ၆၂ ၇၀၀၊ တန်အားဖြင့် ၃၁၃၅ တန် စီးထွက်ခဲ့သည့်အတွက် ယခင်ပတ်နှင့်နှိုင်းယှဉ်လျှင် ယခုပတ်တွင် အိတ်ရေ ၁၅၂၀၀ တန်အားဖြင့် တန် ၇၆၀ ပိုမိုစီးထွက်ခဲ့ကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

# ချင်းတွင်းမြစ်အတွင်း ကုန်ပစ္စည်းများ တင်ဆောင်လာသည့် ရေယာဉ်တစ်စင်း မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာအနီး နစ်မြုပ်မှုဖြစ်ပွား

**နေပြည်တော် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့မှ ကုန်ပစ္စည်းများ တင်ဆောင်၍ ချင်းတွင်းမြစ်ကြောင်းအတိုင်း မောင်းနှင်လာသည့် ရေယာဉ်များအနက် ကြယ်မင်း(၄)ရေယာဉ်သည် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်တွင် မင်းကင်းမြို့နယ် ပန်းဆက်ကျေးရွာအနီးသို့အရောက်၌ ရေဝဲအတွင်းသို့ ရောက်ရှိကာ နစ်မြုပ်သွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါရေယာဉ်နစ်မြုပ်တိမ်းမှောက်မှုကြောင့် ကုမ္ပဏီဝန်ထမ်းသုံးဦးနှင့် အရပ်သူ အရပ်သား ခြောက်ဦး၊ လုံခြုံရေးလိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင် သုံးဦးတို့ ပျောက်ဆုံးခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး တောင်ငူတပ်နယ်နှင့် ပြည်တပ်နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များတပ်ဆင်အပ်နှင်း၊ စစ်ဝတ်ပစ္စည်းနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူတပ်နယ်နှင့် ပြည်တပ်နယ်တို့ရှိ ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များတပ်ဆင်အပ်နှင်းခြင်း၊ စစ်ဝတ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို စက်တင်ဘာ ၁၉ ရက်နှင့် ယနေ့တို့တွင် ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့် နယ်ခြားတပ်များ ညွှန်ကြားရေးမှူး ဗိုလ်ချုပ် အောင်ပိုင်ဦးနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က လက်နက်များ တပ်ဆင်ပေးရသည့် ရည်ရွယ်ချက်ကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်သူ့စစ်များအတွက် ရိက္ခာများ ထောက်ပံ့ပေးအပ်မည့် အစီအမံများကိုလည်းကောင်း၊ ဗိုလ်ချုပ်အောင်ပိုင်ဦးက ပြည်သူ့စစ်များ လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။



ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ အပ်နှင်းပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် စစ်ဝတ်ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

၂၀၂၃ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (တိုင်းဒေသကြီးအဆင့်) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ်ရှိ MCC ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်



တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဂီတ၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲ အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် မိသားစုဝင်များ၊ အနုပညာချစ်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြိုင်ပွဲဝင်များ၊ အနုပညာအထက်တန်းကျောင်း (ရန်ကုန်) စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေး အစီအစဉ်များအတိုင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖျော်ဖြေတင်ဆက်ခဲ့သည့် ပြိုင်ပွဲဝင်များနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ခန်းမအသီးသီး၌ ပြိုင်ပွဲဝင်များ၏ ပါဝင်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(တိုင်းဒေသကြီးအဆင့်) ပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်အထိ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျော်ဖုံးမှ*

မီဒီယာကော်မတီ၊ ထုတ်လွှင့်ရေးအဖွဲ့အစည်း၊ ထပ်ဆင့်ထုတ်လွှင့်ခွင့်ရှိသူနှင့် သတင်းအချက်အလက်ဝန်ဆောင်မှုအဖွဲ့များ အလုပ်လုပ်ရာဌာနချုပ်ကြီး ဖြစ်သည်။

မိတ်ဆက်ပေးသည့် ဝန်ထမ်း၏ မိတ်ဆက်ချက်အရ မီဒီယာအဖွဲ့သည် စီးပွားရေးဝန်ဆောင်မှုဇုန်၊ လူမှုဘဝဝန်ဆောင်မှုဇုန်၊ ပင်မသတင်းစင်တာ (MPC) နိုင်ငံတကာထုတ်လွှင့်ရေးစင်တာ (IBC) စသည်တို့ကို တစ်နေရာချင်း သွားရောက်လေ့လာခဲ့ပြီးဟန်ကျိုးအာရှအားကစားပြိုင်ပွဲက မီဒီယာများအတွက် ပြိုင်ပွဲသတင်းရေးသားဖော်ပြရာတွင် လိုအပ်သည့် ရုံးသုံး၊ ဘာသာစကား၊ ပို့ဆောင်ရေး၊ အစားအသောက်၊ နည်းပညာ၊ စီးပွားရေးစသည့် အဆောက်အအုံနှင့်ဝန်ဆောင်မှုမျိုးစုံ ထောက်ပံ့ထားပေးမှုကို ခံစားခဲ့ကြသည်။ စီးပွားရေး ဝန်ဆောင်မှုဇုန်တွင် မီဒီယာအဖွဲ့က ဟန်ကျိုးအာရှအားကစားပြိုင်ပွဲတွင် သတင်းရိုက်ကူးရန် အမည်စာရင်းပေးသွင်းထားသည့်မီဒီယာသတင်းထောက်များအတွက် ဘဏ် ATM ၊ အမြန်ချောပို့၊ ဆက်သွယ်ရေး၊ မိတ်ကပ်အလှပြင်ဆင်ရေး၊ အထူးလည်ပတ်ခွင့်ရသည့်ဆိုင် စသည့်ဝန်ဆောင်မှုနှင့် စမတ်ထူးခြားချက်များ ထောက်ပံ့ထားမှုအခြေအနေကို လေ့လာခဲ့ကြသည်။ လူနေမှုဘဝဝန်ဆောင်မှုဇုန်တွင် မီဒီယာအဖွဲ့ဝင်များအနေဖြင့် နှိပ်နယ်ခြင်း၊ Ba Duan Jin ကိုယ်လက်လေ့ကျင့်ရေး စသည့်တရုတ်တိုင်းရင်းဆေးပညာ ယဉ်ကျေးမှုကို ခံစားခဲ့ပြီး လူကြိုက်များခဲ့သည်။

လက်ရှိတွင် ဟန်ကျိုးအာရှအားကစားပြိုင်ပွဲ ပင်မမီဒီယာစင်တာ၏ ဝန်ဆောင်မှုအမျိုးမျိုးသည် ပြိုင်ပွဲကာလအခြေအနေသို့ ရောက်ရှိပြီဖြစ်သည်။ အဆိုပါစင်တာသည် စက်တင်ဘာ ၁၈ ရက်တွင် တရားဝင်စတင်လည်ပတ်မည်ဖြစ်ပြီး သတင်းထုတ်ပြန်ရေး၊ မီဒီယာနှင့် ထပ်ဆင့်ထုတ်လွှင့်ရေး ဝန်ဆောင်မှုလုပ်ငန်း စသည့် အရေးပါတာဝန်များကို ထမ်းဆောင်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ ကာလအတွင်း တရုတ်နိုင်ငံ ပြည်တွင်း ပြည်ပမှ မီဒီယာသတင်းထောက်ပေါင်း ၁၁၀၀၀ ကျော် လာရောက်၍ သတင်းထုတ်ပြန်မှုများ လုပ်ဆောင်ကြမည်ဖြစ်သည်။

မြန်မာမီဒီယာအဖွဲ့တွင် အစိုးရနှင့် ပုဂ္ဂလိကပိုင်သတင်းမီဒီယာများ၊ ရုပ်သံလွှင့်မီဒီယာများ၊ အွန်လိုင်းမီဒီယာများ ပါဝင်ပြီး စုစုပေါင်းအဖွဲ့ဝင် ၁၀ ဦး ပါဝင်ပြီး ၎င်းတို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၊ ဟန်ကျိုးမြို့နှင့် ရှန်ဟိုင်းမြို့များသို့လည်း သွားရောက်လေ့လာခဲ့ကြသည်။

**မြင့်မောင်**




❖ *ကျော်ဖုံးမှ*

ဒွေါ်မွန်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုရှိသော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်များစွာရှိနေသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

**သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရ**

မန်စီးတီးနှင့် ဆားဘီးယားကလပ် ရက်စတားအသင်းပွဲစဉ်ကို နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက တိုက်စစ်ခြေစွမ်းပြပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရက်စတားအသင်းသည် အိမ်ရှင်မန်စီးတီးအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်မှုပြုလုပ်နိုင်ခြင်းမရှိဘဲ ပြိုင်ဘက်အသင်း၏ ဂိုးကန်သွင်းချက်များကိုသာ ပွဲချိန်အများစု ခုခံကာကွယ်ခဲ့ရသည်။

**ငါးဂိုးပြတ်အနိုင်ရရှိ**

ဘာစီလိုနာနှင့် ဘယ်လ်ဂျီယံကလပ် အန့်ဝပ်အသင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းက ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အန့်ဝပ်အသင်းသည် ဘာစီလိုနာအသင်းဘက်သို့ ဂိုးကန်သွင်းခွင့် သုံးကြိမ်သာပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက် တည့်မတ်မှု တစ်ကြိမ်သာရှိခဲ့သည်။ ဘာစီလိုနာအသင်းက ဂိုးကန်သွင်းမှု ၂၂ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ၁၀ ကြိမ်တွင် ငါးကြိမ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ခြင်းဖြစ်သည်။

အေစီမီလန်နှင့် နယူးကာဆယ်အသင်းပွဲစဉ်ကို စက်တင်ဘာ ၁၉ ရက် ည ၁၁ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက တစ်ဖတ်သတ်ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်ခံစစ်နှင့် ဂိုးသမား လက်စွမ်းပြသကာကွယ်ထားနိုင်မှုကြောင့် ဂိုးမရှိ သရေကျခဲ့သည်။ လာဇီယိုနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းပွဲစဉ်တွင် ပွဲချိန်ပြည့်ခါနီး၌ လာဇီယိုဂိုးသမား ပရိုဗီဒယ်၏ ခေါင်းတိုက်သွင်းဂိုးကြောင့် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**အောင်ဇော်**



# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ)ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအတွက် လတ်တလောကာလ၊ ကာလတို၊ ကာလရှည် စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**စစ်တွေ စက်တင်ဘာ ၂၀**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ပြန်လည်ထူထောင်ရေးအတွက် လတ်တလောကာလ၊ ကာလတို၊ ကာလရှည် စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

## ပြန်လည်ထူထောင်ရေး

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) နှင့် ပတ်သက်ပြီး သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန၏ စာရင်းတွေ့ရှိချက်များနှင့် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN-ERAT) အဖွဲ့တို့၏ အစီရင်ခံစာပါ တွေ့ရှိချက်များကို နှိုင်းယှဉ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့သည့်အပေါ်တွင် နိုင်ငံတော်အကြီးအကဲ၏ မှတ်ချက်ပြု ညွှန်ကြားချက်များနှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လတ်တလောကာလ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများ ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရာတွင် မြေပြင်တွင် အမှန်တကယ်ဖြစ်ပျက်မှု (အမှန်) သာလိုအပ်မည်ဖြစ်ပြီး ပြန်လည်ထူထောင်ရေးတွင် လတ်တလောကာလ၊ ကာလတို၊ ကာလရှည်ခွဲ၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လတ်တလောကာလမှာ ပြီးစီးပြီဖြစ်၍ ကာလတို၊ ကာလရှည်တွင် ရာသီသီးနှံအခြေခံသည့် စားသောက်ရေး၊ကာလတိုအတွင်း ဟင်းဖြစ်လွယ်မည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ငါးဖမ်းခြင်း၊ ချက်ချင်းအကျိုးရှိနိုင်သည့် သက်တမ်းအသင့်အတင့်ရှိသည့် ဥစားကြက်၊ ဝက်၊ ဆိတ်၊ broiler ကြက်၊အသားထုတ်လုပ်မှုလုပ်ငန်း၊ နှစ်လ၊ သုံးလခန့် သက်တမ်းရှိသည့် ဟင်းသီးဟင်းရွက်ထုတ်လုပ်မှုတို့ကိုလည်း စီမံကိန်းတွင် ထည့်သွင်း ရေးဆွဲသွားရမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ၊ ရုံး၊ ဌာနများပြုပြင်မှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း စီမံရေးဆွဲသွားရမည်ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းအလွန်ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မူလအခြေအနေထက် သာလွန်ကောင်းမွန်သော အနေအထားရောက်အောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

## လိုအပ်သည်များ မှာကြား

ထို့နောက် ပြည်နယ် ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲပြုစုရေးကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီးပွားရေးရာ ဝန်ကြီး ဦးစံရွှေမောင်က ရှင်းလင်းဆွေးနွေး ပြောကြားပြီး ကော်မတီဝင်များက မိမိတို့ကော်မတီအလိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လတ်လောကာလ၊ ကာလတို၊ ကာလရှည် စီမံကိန်းရေးဆွဲရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **တင်ထွန်း(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား တွေ့ဆုံ

မော်လမြိုင် စက်တင်ဘာ ၂၀

**မွန်ပြည်နယ်အတွင်း စည်းကမ်းရှိပြီး စနစ်ကျသည့် လူမှုပတ်ဝန်းကျင်ဖော်ဆောင်၍ အဓိကကျသည့် အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသည့် အခန်းကဏ္ဍဖြစ်ပြီး ဒေသတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်ရေးသည်လည်း များစွာအရေးပါကြောင်း၊ မွန်ပြည်နယ်အတွင်း မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှု ကွာဟခြင်းကို လျှော့ချနိုင်ရန်အတွက် မြို့နယ်များအလိုက် ကျေးရွာများအား ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နှစ်စဉ် စီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်နှင့် ပတ်သက်သည့် အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် မော်လမြိုင်မြို့နယ်အတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း၊လယ်ယာကဏ္ဍအနေဖြင့် မိုးစပါး၊ဆောင်းသီးနှံ၊ပဲမျိုးစုံတို့ကို ရည်မှန်းချက်ကေအတိုင်း စိုက်ပျိုးနိုင်ရေးအတွက် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ကူညီပံ့ပိုးဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာလျှင် MSME လုပ်ငန်း တိုးတက်လာမည် ဖြစ်ပါကြောင်း။

## ပူးပေါင်းဆောင်ရွက်

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ပိုမိုတိုးတက်လာစေရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံမှု ရှိစေရေး အထူးအလေးပေး ဆောင်ရွက်ပေးကြရန်နှင့် မြို့တွင်း သန့်ရှင်းသာယာ လှပစေရေးအတွက် အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်သူများ၏ လိုအပ်ချက်များကို ရပ်ကွက်၊ ကျေးရွာများက တာဝန်ယူပြီး တင်ပြဆောင်ရွက်ပေးမှသာလျှင် နီးစပ်ရာ ဘဏ္ဍာရေးနှစ်အတွင်း ထည့်သွင်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် ရပ်ရွာ အေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းအပြင် ပြည်သူကို ဗဟိုပြုသော လုံခြုံရေးစနစ်ကို ဖော်ဆောင်ပေးရမည်ဖြစ်ပြီး ဥပဒေလုပ်ထုံးလုပ်နည်း သိရှိနားလည်မှု၊ ရိုးသားဖြောင့်မတ်မှု၊ သမာသမတ်ရှိမှုတို့ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပြည်သူများ အေးချမ်း သာယာစွာ နေထိုင်နိုင်ကြစေရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

## ပေါင်းစပ်ညှိနှိုင်းပေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့်ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တင်ပြချက်များပေါ် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဖြည့်စွက်ဆွေးနွေး တင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ် ရေနံမြေလုံခြုံရေး ဒုတိယရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး စိုင်းလှထူး ဦးစီးရဲတပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့မိသားစုဝင်များ စက်တင်ဘာ ၁၉ ရက်က လယ်သာကျေးရွာ YGW ပရဟိတ မိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ အောင်မျိုးဝင်း(ပြန်/ဆက်)





(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်နိုင်ဦး ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် သတင်းရဲတပ်ဖွဲ့မှ ရဲတပ်ကြပ်ကြီး ဇော်နိုင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ ရန်အောင်မြင်ကပ်ကာ စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ဟိန်းထက်လင်း(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့၌ (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၀ ရက်က အမှတ်(၂)ရပ်ကွက် အောင်ရတနာဓမ္မရိပ်သာကျောင်းတိုက်အတွင်း၌ ခရိုင်ရဲမှူး ဒုတိယရဲမှူးကြီး မြတ်မင်းထွေး ဦးဆောင်မှုဖြင့် ခရိုင်မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



# ဆုပ်မထားနှင့် ... ဖြန့်လက်များ ပေးမျှဝေရန်သာ

မိုးကေနိုင်

လူဆိုတာ ချမ်းသာချင်ကြတာပဲ။ ချမ်းသာချင်တော့ စီးပွားရှာတယ်။ စီးပွားကောင်းကောင်းရှာဖို့ လောဘတော့ရှိရမယ်။ လောဘရှိမှ စီးပွားရှာလို့ရမယ်၊ မှန်ပါတယ်။ လောဘမရှိဘဲနဲ့တော့ ဘယ်လိုလုပ်စီးပွားဖြစ်ပါ့မလဲ။ ဒါက စီးပွားလောဘနဲ့ ပတ်သက်တဲ့ သာမန်အသိ။ ဒီလိုသာမန်အသိလေးမှာ တရားမှု မတရားမှု၊ ရောင့်ရဲမှု မရောင့်ရဲမှု၊ မျှတမှုနဲ့ အစွန်းရောက်မှု၊ အလွန်အကျွံ စတဲ့အပိုင်းအခြားလေးတွေကို မှန်မှန်ကန်ကန်ပိုင်းခြားပြီး စီးပွားရှာနိုင်ပြီ၊ လုပ်တတ်ကိုင်တတ်ပြီဆိုရင်တော့. . . သာမန်အသိမှသည် မှန်ကန်သောအသိနဲ့ မှန်မှန်ကန်ကန်၊ သန့်သန့်ရှင်းရှင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုခြင်းမည်တဲ့ သမ္မာအာဇီဝနဲ့ စီးပွားရှာခြင်းလို့ သတ်မှတ်လို့ရပါပြီ။

❖ **တိုင်းပြည်တစ်ပြည်မှာ၊ လူ့အဖွဲ့အစည်းတစ်ခုမှာ လူတွေစားရေး၊ ဝတ်ရေး၊ နေရေး အဆင်မပြေဖြစ်ခြင်းကို နိုင်ငံရဲ့အမျိုးသားလုံခြုံရေးအထိ ဆက်စပ်စဉ်းစားနိုင်ပါတယ်၊ အချို့နိုင်ငံရေး သုတေသီတွေဟာ ဝိသမလောဘဆန်တဲ့ စီးပွားထူထောင်မှုကို နိုင်ငံရေးပယောဂ၊ နိုင်ငံရေးအာဃာတများနဲ့ပါ အကြောင်းအကျိုးဆက်စပ်မှုတစ်ရပ်အနေနဲ့ ထည့်သွင်းစဉ်းစားလေ့ရှိကြသလို စီးပွားရေးမတည်ငြိမ်မှုက နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားသည်အထိ ဖြစ်သွားတဲ့သာဓကတွေ ယနေ့ကမ္ဘာ့မျက်မှောက်အရေးအခင်းများစွာမှာ နမူနာယူလေ့လာနိုင်**

## မိစ္ဆာအာဇီဝဆိုတာ ...

အဓိကအချက်က စီးပွားဥစ္စာရှာတဲ့အခါ အပူအပင်ကင်းကင်း နောက်ဆံမတင်း လိပ်ပြာလုံလုံနဲ့ သမ္မာအာဇီဝဖြစ်နေဖို့ပါပဲ။ တရားသဖြင့် ရှာခြင်းဖွေခြင်းနဲ့ မှန်ကန်တဲ့ စီးပွားရေးဖြစ်အောင် လုပ်ရာမှာ အမြတ်ကို အလွန်အကျွံတင်ပြီး ရောင်းချခြင်း၊ ဈေးနှိမ်ဝယ်ယူထားတဲ့ပစ္စည်းကို ပြန်ရောင်းတဲ့အခါ ဖြစ်သင့်ဖြစ်ထိုက်တဲ့ဈေးနှုန်းနဲ့ မတန်တဆ ဈေးတင်ရောင်းချခြင်း၊ ပိုဆိုးတာက မရှိမဖြစ်တဲ့ စားသုံးလူသုံးကုန်ကို တစ်ဖက်မှာ ဈေးနှိမ်ဝယ်ယူ၊ ဈေးကွက်ကိုမဖြန့်ဘဲ လှောင်ထား၊ ရွှေငွေကိုင်၊ ဆန်ဆီ ဆေးလှောင်၊ ဝယ်ရောင်းအပါအဝင်ပေ့ါ။

အပြင်မှာပစ္စည်းပြတ်မှ ဈေးတင်ရောင်း၊ မြင့်အောင်လှုပ်ပြီး တစ်ဖက်က လှုပ်လာရင် ပြန်မြှင့်ပြီး ဈေးကစား၊ အစစ်ကို အရောပြု၊ အတုပြန်လုပ်ပြီးရောင်း၊ ဒါ့အပြင် ဥပဒေနဲ့ တားမြစ်ထားတဲ့ပစ္စည်း ဥပမာ မူးယစ်ဆေးဝါး၊ လက်နက်စတဲ့ ဒါတွေဟာ မရှိသင့်တဲ့ လောဘဇောနောက်ကပါလာတဲ့ ဝိသမလောဘတွေပါပဲ။ ဥပဒေနဲ့ မလွတ်ကင်းတာ မှန်သမျှ အပြစ်ဖြစ်နေပါတယ်။ အများပြည်သူကို ဒုက္ခရောက်အောင်လုပ်တဲ့ မိစ္ဆာအာဇီဝပါ။ ဒီလိုကိစ္စတွေမှာ အဂတိမကင်း၊ လာဘ်လာဘမျှော်ပြီး လုပ်သမျှဟာလည်း ဝိသမလောဘနဲ့ အလိုတူအလိုပါပါပဲ။ လူတွေပါးစပ်ထဲရောက်ခါနီး မစားရ၊ မသောက်ရ၊ မသုံးဖြစ်အောင် ပိတ်ဆို့ဟန့်တားတာလည်း တကယ့်အကုသိုလ်မြောက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အများသူငါ အကျပ်အတည်းဖြစ်လာရင်၊ နိုင်ငံမှာ အကျပ်အတည်းဆိုက်လာရင် ကိုယ်လည်း နောက်ဆံတင်းတင်းနဲ့ နေလို့ရမှာ မဟုတ်သလို ကိုယ့်မိသားစုလည်း ထိတ်ထိတ်လန့်လန့်နဲ့ ဘေးကျပ်နံကျပ်ဖြစ်မှာ မလွဲပါဘူး။

## ကိုယ်ချင်းစာတရားနဲ့ သမ္မာအာဇီဝ

ဘာဖြစ်လို့လုပ်ကြမလဲ။ သူများမရှိဆင်းရဲနေချိန်မှာ ရှိသမျှလေးကို မလွှတ်တမ်း ဆုပ်ကိုင်ထား၊ ကိုယ့်အတ္တအတွက် အမြတ်ထုတ်၊ တစ်သက်စာမကြည့်၊ ကိုယ့်တစ်ဘဝ ကိုယ့်မိသားစုလေး၊ ကိုယ့်တစ်ဘို့တည်း ကောင်းစားရေး ကွက်ကွက်လေးကြည့်ပြီး လုပ်နေကြသမျှ လူ့အဖွဲ့အစည်းကြီးဟာ မလုပ မငြိမ်းချမ်းနိုင်ပါဘူး။ ကိုယ်လုပ်သမျှဟာ ဘယ်သူသေသေ ငတေမာပြီးရော၊ ပိုက်ဆံရရင်ပြီးရော၊ ငါကောင်းစားရေး တစ်ခုတည်းမဖြစ်ဖို့ လိုပါတယ်။ သံသရာ တစ်လျှောက်ပါလာမယ့် အကုသိုလ်ဝဋ်ကြွေးဟာ အလွန်ကြောက်စရာကောင်းတဲ့အတွက် ဖြစ်ပါတယ်။

အများသူငါဒုက္ခရောက်ချိန်မှာ ကိုယ်ချင်းစာတရားဟာ အလွန်ကိုအရေးကြီးလှတယ်။ အားလုံးဒုက္ခရောက်ချိန်မှာ ကိုယ့်ထက်ဒုက္ခရောက်သူကို ကိုယ့်မှာရှိတဲ့ စားရေရိက္ခာ၊ ဥစ္စာပစ္စည်းဖြန့်ဝေပေးခြင်းဖြင့် ကရုဏာတရားကို ပြသကြရမှာဖြစ်ပါတယ်။ ဆိုလိုတာက ကုန်ဈေးနှုန်းတွေကြီးမြင့်နေချိန်မှာ ကိုယ့်မှာရှိတဲ့ပစ္စည်း ဈေးလျှော့ရောင်းလိုက်ရင်တောင် (ဥပမာ–ဂျပန်နိုင်ငံမှာ) နိုင်ငံကြီးသားပီသမှုကို ပြသရာရောက်တယ်၊ ကိုယ့်လူမျိုးအချင်းချင်း ကိုယ်ချင်းစာနာတတ်ပြီး သစ္စာရှိရာရောက်စေတယ် ဆိုတဲ့ အသိတရားလေးတစ်ခု ရရှိလာစေချင်တဲ့ သဘောပါ။

တရားသဖြင့် စီးပွားရှာခြင်း သဘောတရားမှာ တင်းတိမ်ရောင့်ရဲရမယ်ဆိုတဲ့ အချက်ဟာ သူ့ကန့်သတ်ချက်နဲ့သူရှိပါတယ်။ စီးပွားရှာတဲ့အခါ သင့်တင့်တဲ့လောဘနဲ့ ကြိုးစားရှာဖွေထားသင့်ပါတယ်၊ ရှာသင့်ရှာထိုက်တဲ့အချိန်မှာ လုံ့လဝီရိယနဲ့ ရသလောက် ရှာထားရပါမယ်။ အခွင့်အရေးရှိသလောက်ရှာထားပြီး ရှိသလောက်နဲ့ တင်းတိမ်နေဖို့ မဟုတ်ပေမယ့် ရသလောက်နဲ့တော့ တင်းတိမ်ရောင့်ရဲနိုင်ရပါမယ်။ ဒီလိုမှမဟုတ်ဘဲ မရရတဲ့နည်းနဲ့ အလွန်အကျွံဖြစ်လာရင်တော့ ဝိသမလောဘ အစွန်းတစ်ဖက်ကို ရောက်သွားနိုင်ပါတယ်။ စီးပွားရှာတာ အမြတ်ရဖို့ဆိုတာမှန်ပေမယ့် လိုတာထက်ပိုပြီးအမြတ်မယူမိဖို့နဲ့ သူများအပူကနေ မတန်တဆအမြတ်ယူပြီး ကိုယ့်အပူမဖြစ်ဖို့ဘဲ လိုပါတယ်။ သူများသောကကို ကိုယ့်သောကလို သဘောမထားရင် ကိုယ်ချမ်းသာနေတာလည်း အပြစ်ကင်းတဲ့ ချမ်းသာမှုဟု မဆိုနိုင်ပါဘူး။

## တကယ့်ချမ်းသာအစစ် ဆိုတာမှာ

မြန်မာတွေဆိုတာ သဒ္ဓါရှေ့ဆောင်ဒါနအရာမှာ ထက်သန်သူတွေဖြစ်ပါတယ်၊ ကိုယ့်ထက်နိမ့်ပါးသူဆို သနားတတ်၊ ကြင်နာတတ်၊ ကရုဏာတရားကြီးတတ်ကြသူတွေပါ။ ဗုဒ္ဓဘာသာဝင်များပီပီ လှူတတ်ရင် မြတ်တယ်လို့ ခံယူထားသူတွေဖြစ်ပြီး ထက်သန်တဲ့ စေတနာနဲ့အတူ တစ်ဘဝစာမက သံသရာအတွက်ပါ တစ်သက်စာကြည့်တတ်ကြသူတွေရယ်လို့ သတ်မှတ်ခြင်းခံရသူတွေ ဖြစ်ပါတယ်။

တချို့ဆို ကိုယ့်ဥစ္စာ၊ ကိုယ့်ပစ္စည်းသာမက ကိုယ့်ခန္ဓာ ကိုယ့်အသက်တောင် စွန့်ဝံ့သူတွေရှိကြပါတယ်။ တရားအလိုအရတော့ "စာဂ" ပေ့ါ။ တကယ်တမ်းမှာ တရားသဘောအရဆို ကိုယ်ပိုင်ကိုယ့်ပစ္စည်းကို စွန့်ချင်စိတ်နဲ့ လွှတ်ချလိုက်တာနဲ့ ကိုယ့်ဆီက လွှတ်သွားတယ်ဆိုတာ တချို့သိကြပါတယ်။ ဘာတွေလွှတ်သွားသလဲဆိုတော့ "လောဘ"၊ လောဘအပြင် လောဘနဲ့ယှဉ်လျက် ဝန်တိုမှု မစ္ဆရိယဆိုတဲ့ အကုသိုလ်တရားတွေပါ လွှတ်သွားပါတယ်။ လောဘနဲ့ မစ္ဆရိယအပြင် ကိုယ်လိုချင်တာမရရင် ဒေါသလည်း လိုက်တတ်ပါတယ်။ တစ်ခါထိုကဲ့သို့သော အကုသိုလ်တွေပြုပြီးမှ နောင်မှာနောင်တရပြီး ငါ့မှာရှိတုန်း ငါမပေးလိုက်ရဘူး၊ ငါမဖြန့်လိုက်ရဘူးဆိုတဲ့ ကုက္ကုစ္စ စတဲ့ အကုသိုလ်တရားတွေလည်း လိုက်လာနိုင်ပါသေးတယ်။

ဒီလိုတရားသဘောတွေကို အားလုံးထက် ပိုမြင့်နေသူတွေ၊ အားလုံးထက် ပိုရှိနေသူတွေ၊ အားလုံးထက် အမြတ်ကြီးမြတ်နေသောသူတွေ ရသွားစေချင်ပါတယ်၊ မြန်မာနိုင်ငံမှာက အလှူခံထိုက်သူတွေ၊ ပေးဝေခံယူထိုက်သူတွေ သူ့နေရာနဲ့သူများလွန်းလှတဲ့အတွက်ပေးဝေသူတွေဘက်ကနေ ကိုယ်ပိုင်ဆိုင်တဲ့အရာတွေအနက်က တစ်စိတ်တစ်ပိုင်းပဲဖြစ်ဖြစ် လွှတ်ချ၊ လျှော့ချစေလိုတဲ့ ဒါနရဲ့သဘောကို ရသွားစေချင်တာပါပဲ။ ဒါ့အပြင် တကယ့်ချမ်းသာအစစ်သဘောကိုလည်း သိချင်လှပါတယ်။ ချမ်းသာတယ်ဆိုတာ ကိုယ့်မှာပစ္စည်းဥစ္စာ ငွေကြေးခနတွေ ပြည့်စုံကြွယ်ဝနေလို့ ချမ်းသာနေတာထက် ကိုယ့်မှာရှိတဲ့ပစ္စည်းကို လိုအပ်နေတဲ့သူတွေထံ ပေးလိုက်ရလို့ ကိုယ့်စိတ်ထဲမှာ ချမ်းသာသွားတာ၊ ကိုယ့်မှာဘာမှမရှိတော့ရင်တောင် ဘာမှတွယ်တာစရာမရှိတော့တဲ့အထိ ကိလေသာကင်းသွားတဲ့ ချမ်းသာအစစ်၊ ကိုယ့်လက်ထဲက ပစ္စည်းတစ်ခု စွန့်လွှတ်လိုက်ရလို့ လွှတ်သွားတဲ့အခါ လွတ်လပ်သွားတဲ့ ချမ်းသာခြင်းသဘောလေးကိုလည်း သိစေလိုတဲ့... တကယ့်စေတနာနဲ့ရယ်ပါ။

## ယူမယ့်လက်... ထက် ပေးမယ့်လက်ကိုသာ မျှော်နေကြပြီ

လူတိုင်းကပြည့်စုံချင်ကြတယ်၊ ပြည့်ပြည့်စုံစုံနေချင်ကြတယ်၊ ပြည့်စုံမှလည်း ချမ်းသာခြင်းကို ရနိုင်တာကိုး။ လက်တွေ့မှာ ချမ်းသာအစစ်ကိုရဖို့ ခဲယဉ်းသလို ပြည့်စုံခြင်းဟာလည်း တစ်ခဏတာပဲရှိတယ်ဆိုတာ တရားသဘောအရတော့ တီးမိခေါက်မိရှိပါတယ်။ တကယ်တော့ ပြည့်စုံခြင်းဆိုတာ ပျက်စီးခြင်းမရောက်မီကာလမှာသာ ပြည့်စုံနေတယ်ထင်ရတာပါ။ ဘာမှမမြဲတဲ့ သဘောချည်းမို့ မပျက်စီးဘူးဆိုတာလည်း မဖြစ်နိုင်ပါဘူး။ နောက်ဆုံးအချိန်နီးခါမှ ကိုယ်ပိုင်တာ ဘာမှမရှိဘူးဆိုတာ သိလိုက်ရသလို ပြည့်စုံမှုဆိုတဲ့ အရာဟာလည်း ပျက်စီးခြင်းမှာသာ နောက်ဆုံးရှိပါပေတယ်။ ဒါကြောင့် သင့်ရဲလက်ကို ယူမယ့်လက်မဖြစ်စေဘဲ ပေးမယ့်လက်သာ ဖြစ်စေချင်ပါတယ်။ ရှိတာကို မဆုပ်ထားဘဲ ဖြန့်လိုက်စေချင်ပါတယ်။ ပေးမယ့်သူရဲ့လက်ဆိုတာ အမြဲဖြန့်ထားရမှာပါ။ ယူတဲ့ဘဝထက် လှူတဲ့ဘဝကို ပိုပြီးမက်မောစေချင်တယ်။ ဒါကြောင့်လည်း ရှာကြရတာပေ့ါ။ ကျွန်တော်တို့စီးပွားရှာတယ်ဆိုကတည်းက ဖြစ်လေရာဘဝမှာ ရလာတဲ့အကျိုးအမြတ်ကို ကိုယ်နဲ့ကိုယ့်မိသားစုအပြင် အများအတွက်၊ သာသနာအတွက် ပေးဖို့လှူနိုင်ဖို့ ဆုတောင်းများလည်းပါခဲ့ကြပြီး မဟုတ်ပါလား။

လောဘဆိုတဲ့တရားဆိုးဟာ တကယ့်အပါယ်လားမယ့် အကုသိုလ်ဆိုတာသိရင် ဒါကိုဘာကြောင့်လိုချင်ကြပါမလဲ။ ကိုယ်ကိုယ်တိုင်ချမ်းသာချင်လို့၊ လက်ရှိကိုယ့်မိသားစုအပြင် နောင်သားသမီးမျိုးဆက်အဆက်ဆက်အထိ စဉ်းစားပြီး ရှာကြ၊ စုကြတာပါပဲ။ ဆိုခဲ့တဲ့ သမ္မာအာဇီဝထိုက်သင့်တဲ့ လောဘနဲ့ အတ္တနဲ့ပရ မျှမျှတတရှိကြရင်တော့ အတိုင်းထက်အလွန် တကယ့်သူတော်ကောင်းပေ့ါ၊ သို့ပေမယ့် ဆန့်ကျင်ဘက်အစွန်းရောက်သွားတဲ့ခါ မဖြစ်သင့်တဲ့အရာတွေ ဖြစ်သွားနိုင်တယ်ဆိုတာကိုတော့ သတိချပ်စေချင်ပါတယ်။ ကိုယ့်မှာရှိတဲ့ နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲဖြစ်ဖြစ် ဆုပ်ကိုင်မထားဘဲ ဖြန့်ပေးနိုင်တဲ့သတ္တိ၊ပေးဝေနိုင်တဲ့သတ္တိဟာ ကောင်းမွန်တဲ့ကံတွေကိုထူထောင်ရာ စေတနာတွေပါပဲ။ "သြော်... ငါ့မှာရှိတဲ့ပစ္စည်း ငါလှောင်မထားဘဲ၊ ဈေးမကစားဘဲ၊ အများကြီးဈေးမတင်ဘဲ လိုအပ်ရင် ဈေးလျှော့ရောင်းလိုက်မယ်၊ ငါပစ္စည်းအစစ်ကိုပဲ ရောင်းမယ်၊ ဥပဒေပြင်ပကပစ္စည်း ဘာတစ်ခုမှ မရောင်းဘူး၊ ဒီအချိန်မှာ ပစ္စည်းပြတ်နေရင် မရှိဆင်းရဲလိုအပ်နေသူတွေ ဒုက္ခရောက်လိမ့်မယ်" ဆိုတဲ့ ကိုယ်ချင်းစာစိတ်၊ သနားညှာတာစိတ် ဤစိတ်ထားလေးတွေဟာ တကယ့်စေတနာမှန်ရဲ့ အခြင်းအရာများပါပဲ။

တစ်နည်းအားဖြင့် လောဘနဲ့ယှဉ်တဲ့ ဆုပ်ကိုင်ထားသော လက်တွေနေရာမှာ ပေးမျှဝေဖို့ဖြန့်လိုက်တဲ့ သန့်ရှင်းစင်ကြယ်တဲ့လက်များနဲ့အစားထိုးထားတဲ့ စေတနာတွေပါပဲ။ ထိုစေတနာတွေကပဲ ကောင်းတဲ့ကုသိုလ်ကံအကျိုးကို ပေးသွားတာပါ။ ဒီကုသိုလ်ကံ စေတနာတွေဟာ သုဂတိဘုံတင်မက နိဗ္ဗာန်အထိတောင် အကျိုးပေးတယ်ဆိုတာ ကျွန်တော်တို့မြတ်ဗုဒ္ဓကလည်း ဟောကြားတော်မူပြီး ဖြစ်ပါတယ်။ အရတော်လို့ရလာတဲ့ ရခဲလှတဲ့ လူ့ဘဝမှာ ဘာကြောင့်အရှုံးခံပြီး အများမကြိုက်တဲ့ မိစ္ဆာအာဇီဝအလုပ်တွေ လုပ်ကြမလဲ။ သွားခြင်းကောင်းအောင် သမ္မာအာဇီဝအလုပ်တွေပဲ ကြိုးစားလုပ်ကြခြင်းဖြင့် ပေးဝေမျှသူဘက်ကရော ရယူသူဘက်ကပါ အကျိုးကျေးဇူးများလှတဲ့ ဒီသဘောတရားလေးတစ်ခုကို နှလုံးသွင်းဆင်ခြင်မိအောင် တင်ပြနေရခြင်းဖြစ်ပါတယ်။

တိုင်းပြည်တစ်ပြည်မှာ လူ့အဖွဲ့အစည်းတစ်ခုမှာ လူတွေစားရေး၊ ဝတ်ရေး၊ နေရေးအဆင်မပြေဖြစ်ခြင်းကို နိုင်ငံရဲ့အမျိုးသားလုံခြုံရေးအထိ ဆက်စပ်စဉ်းစားနိုင်ပါတယ်၊ အချို့ နိုင်ငံရေး သုတေသီတွေဟာ ဝိသမလောဘဆန်တဲ့ စီးပွားထူထောင်မှုကို နိုင်ငံရေးပယောဂ၊ နိုင်ငံရေးအာဃာတများနဲ့ပါ အကြောင်းအကျိုးဆက်စပ်မှုတစ်ရပ်အနေနဲ့ ထည့်သွင်းစဉ်းစားလေ့ရှိကြသလို စီးပွားရေးမတည်ငြိမ်မှုက နိုင်ငံရေးတည်ငြိမ်မှု ပျက်ပြားသည်အထိ ဖြစ်သွားတဲ့သာဓကတွေ ယနေ့ကမ္ဘာ့မျက်မှောက်အရေးအခင်းများစွာမှာ နမူနာယူလေ့လာနိုင်ပါတယ်။ ဒါကြောင့် တစ်ခုပြိုလဲရင် နောက်ဆက်တွဲကျန်တာတွေလည်း ပြိုဆင်းသွားနိုင်တဲ့ အကြောင်းအကျိုးဆက်စပ်မှုကို အထူးသတိထားကြရတာ ဖြစ်ပါတယ်။

စီးပွားရေးဖွံ့ဖြိုးရေးကို နိုင်ငံလုံခြုံရေး၊ ငြိမ်းချမ်းရေးအမြင်များနဲ့ပါ ဆက်စပ်စဉ်းစားပြီး ဝိသမလောဘနဲ့ဈေးကစားခြင်း၊ ဝါဒဖြန့်၊ သတင်းမှားဖန်တီးမှုနဲ့ ဈေးကစားခြင်း၊ ကုန်ဈေးနှုန်းကြီးမြင့်ခြင်း ကိစ္စတွေကို သတိထားကိုင်တွယ်ဖြေရှင်းနေကြရတာဖြစ်သလို တစ်ဖက်ကလည်း တရားမျှမျှတတနဲ့ သမ္မာအာဇီဝကျကျ လောဘမတက်၊ အတ္တမဖက်ဘဲ ငဲ့ညှာထောက်ထားတဲ့ခံ့မှစက်နဲ့ လုပ်ကြကိုင်ကြရင် လူ့လောက၊ လူ့ဘဝကြီးဟာ တကယ်ကို နေချင်စရာကောင်းနေပါလိမ့်မယ်။ သို့မှသာ နိုင်ငံကြီးသားပီသတဲ့ နိုင်ငံသားကောင်းတွေ နေထိုင်တဲ့ အကြောင်းကောင်း၍ အကျိုးကောင်းရာ ပုံရိပ်ကောင်းတဲ့ နိုင်ငံတော်ကြီးဖြစ်နေပါလိမ့်မယ်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အစိုးရနည်းပညာအထက်တန်းကျောင်း(ဘားအံ)၌ကျင်းပသည့် လူငယ်စကားဝိုင်း တက်ရောက်အားပေး

ဘားအံ စက်တင်ဘာ ၂၀

**အနာဂတ်လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေးနှင့် စကားဝိုင်းများတွင် ပါဝင်ဆွေးနွေးသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ) တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါအထက်တန်းကျောင်း နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



လူငယ်စကားဝိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက လူငယ်များကို တန်ဖိုးရှိသည့် လူသားအရင်းအနှီးများအဖြစ် မျှော်မှန်းပြုစုပျိုးထောင်ပေးနေပြီး လူငယ်များကိုယ်တိုင်ကလည်း မိမိကိုယ်မိမိ တန်ဖိုးရှိသည့်လူသားများဖြစ်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ဘားအံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးအေးက ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက လူငယ်ကျန်းမာရေးနှင့် အားကစား၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ဝါသနာ၊ လူငယ်နှင့် အသက်မွေးဝမ်းကျောင်းခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။ **(ယာပုံ)** ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုငွေ၊ လက်ဆောင်ပစ္စည်းများနှင့် အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဘားအံမြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက် အဆင့် (၂) ဖြင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၌ အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားကွင်းဆင်းဆောင်ရွက်ပေးမှုကို သွားရောက်ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးရဲတင့် နေပြည်တော် ဥတ္တရသီရိမြို့နယ် အထက(၁၂)၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေးဟောပြောပွဲ၊ ပြပွဲ၊ ပြိုင်ပွဲများ တက်ရောက်အားပေး

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်အသိပညာပေး ဟောပြောပွဲ၊ ပြပွဲနှင့် ပြိုင်ပွဲများကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ် (၁၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ရွှေမိုး၊ ငွေမိုးသီချင်း၊ ရွှေညာသူ ရွှေညာသား သီချင်းများဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်း တာဝန်ထမ်းဆောင်ကြမည့် လူငယ်များအနေဖြင့် ငယ်ရွယ်စဉ်ပညာသင်ယူချိန်ကာလ ကတည်းက အခြေခံကောင်းများရှိမှသာ မိမိဘဝ၊ မိသားစုနှင့် ပတ်ဝန်းကျင်အပါအဝင် နိုင်ငံတော်အတွက် ကောင်းကျိုးပြုနိုင်ကြမည် ဖြစ်ကြောင်း၊ အတတ်ပညာ အသိပညာပြည့်စုံပြီး ကျန်းမာကြံ့ခိုင်သော စိတ်ဓာတ်ကောင်းမွန်သော လူငယ်များဖြစ်အောင် ကြိုးစားကြရန် လိုအပ်ကြောင်း၊ မိဘများနှင့် ဆရာ ဆရာမများ၏ သွန်သင်ဆုံးမမှုအောက်တွင် သားသမီး ဝတ်၊ တပည့်ဝတ်များနှင့်အညီ ပညာကို ကြိုးစားသင်ယူကြစေလိုကြောင်း၊ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက ဆိုသည့်စကားနှင့် ကျောင်းများ၏ ဆောင်ပုဒ်ဖြစ်သည့် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာဆိုသည့်အတိုင်း စိတ်ဓာတ်နှင့် စည်းကမ်းကောင်းပြီး နိုင်ငံတော်က အားထားရမည့် သားကောင်းရတနာများ၊ ဗလငါးတန်ပြည့်ဝပြီး ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်အောင် ကြိုးစားကြရန်နှင့် မိဘ၊ ဆရာ ဆရာမများကလည်း ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြပါရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုက လက်ခံရယူသည်။ ဆက်လက်၍ တေးသီချင်းများဖြင့် သရုပ်ဖော် ဖျော်ဖြေတင်ဆက်ကြသည့် အမှတ်(၁၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် စာရေးဆရာ ရဲမွန်ကျော်က ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် လူငယ် အသိပညာပေးဟောပြောပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးချုပ်မှ ဖျော်ဖြေရေး တီးဝိုင်းအဖွဲ့က ဖျော်ဖြေရေး အစီအစဉ်များဖြင့် သီဆိုတင်ဆက်ကြသည်။

ထို့နောက် ခန်းမအပြင်ဘက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် အထင်ကရနေရာများကို ကျောင်းသား ကျောင်းသူ လူငယ်များကို ဗဟုသုတရရှိစေရန် “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြဘုတ်များ ခင်းကျင်းပြသခြင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့် အသိပညာပေးစာအုပ်စာစောင်များ ဖတ်ရှုနိုင်ရန် လူထုအခြေပြုဗဟိုဌာန (ပျဉ်းမနား)က ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ စာအုပ်စာစောင်များ ခင်းကျင်းပြသခြင်းနှင့် မြားပစ်ပြိုင်ပွဲ၊ စက်ပန်းလှည့်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် ခွက်နင်းလမ်းလျှောက်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း **(အပေါ်ဝဲပုံ)** စသည့် ပျော်ရွှင်ဖွယ်ဂိမ်းများ ကစား၍ အနိုင်ရရှိသူများအား အမျိုးသားစာပေဆုရှင် ဆရာစိုးတင့် (ရေဝတီ) မိသားစုက လှူဒါန်းသော စာရေးကိရိယာနှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ရာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုလွင်၏ ကြီးကြပ်မှုဖြင့် ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းဦး၊ ဒုတိယရဲမှူးကြီး မျိုးလွင်တို့ ဦးစီး၍ တပ်ဖွဲ့ဝင်/စာရေး ၁၅၀ တို့ဖြင့် စက်တင်ဘာ ၁၆ ရက်က ပျဉ်းမနားမြို့နယ် ရန်အောင် (၂) ရပ်ကွက် မာန်အောင်ပရိယတ္တိစာသင်တိုက်အနီးပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေး ရှင်းလင်းဆောင်ရွက်စဉ်။ ဇော်ဘိ

# အုတ်တွင်းမြို့နယ်၌ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**အုတ်တွင်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်းရှိ အသက်ကိုးနှစ်ပြည့်ပြီး ၁၂ နှစ် မပြည့်မီ ကျောင်းသူများအား ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း၊ ပြည်သူအခြေပြုကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များဖြင့် (HPV) သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို စက်တင်ဘာ ၁၈ ရက်မှ စတင်ထိုးနှံပေးလျက်ရှိသည်။

အုတ်တွင်းမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံခြင်းကို ကျောင်းပေါင်း ၁၆၈ ကျောင်းရှိ ကျောင်းသူဦးရေ ၄၀၇၆ ဦးအား ထိုးနှံပေးမည်ဖြစ်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ယနေ့တွင် ကြက်သွန်ခင်း(၁) ရပ်ကွက် အမက (မူလွန်) ကျောင်းနှင့် ဈေးရပ်ကွက် အလက(ခွဲ) ကျောင်းတို့၌ ထိုးနှံပေးသည်။ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေး (တစ်ကြိမ်) ထိုးနှံခြင်းကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၂၉ ရက်အထိ ကျောင်းအခြေပြု ကာကွယ်ဆေးထိုးနှံခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အေမင်းရည်စော (ပြန်/ဆက်)**



အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက်က ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးအတွင်း ကျောက်ဖြူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေထွန်းလင်း ၏ ကြီးကြပ်မှုဖြင့် မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းဇော် ဦးဆောင်သည့်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ခရိုင် (ပြန်/ဆက်)

# အွန်လိုင်းပေါ်မှ လိမ်လည်မှုတွေ၊ လောင်းကစားမှုတွေ သတိထားပါ

သတင်းအချက်အလက်နဲ့ဆက်သွယ်ရေးနည်းပညာတွေ အားကောင်းလာတဲ့ခေတ်ကာလမှာ ကောင်းကျိုးတွေနဲ့အတူ ဆိုးကျိုးတွေပါလာတတ်တာကို တွေ့ရမှာဖြစ်ပါတယ်။ အဆိုးတွေကြောင့် အမှန်တရားတွေ တိမ်သလာဖုံးသလို အမှန်ကို ရှာရ ဖွေရခက်လာတတ်ပါတယ်။ ဒါကြောင့်လည်း ‘အမှန်တရားက ဖိနပ်စီးဖို့လုပ်နေတုန်း အမှားက ကမ္ဘာတစ်ပတ်ပတ်ပြီးပြီ’ လို့ ပြောလာကြပါတယ်။ “ကိုယ့်ရှူးကိုယ်ပြန်ပတ်”၊ “ကိုယ့်အတတ်ကိုယ် ပြန်စူး” ဆိုသလို နည်းပညာတွေ စတင်ဖန်တီးခဲ့တဲ့ နိုင်ငံကြီးတွေဟာလည်း နည်းပညာကြောင့်ပဲ သူ့နိုင်ငံရဲ့အကျိုးစီးပွားကို ထိခိုက်လာတာကြောင့် အကာအကွယ်အတားအဆီးတွေ ပြုလုပ်နေကြတာ တွေ့ရမှာဖြစ်ပါတယ်။

ကိုရေချမ်း

နည်းပညာအဆင့်မမြင့်သေးတဲ့ ကျွန်တော်တို့လို နိုင်ငံတွေအနေနဲ့ အွန်လိုင်းပေါ်မှာ အမှားကို အမှန်လုပ်ထားတဲ့ လိမ်ညာမုသားစကားနဲ့ လှည့်ဖြားမှုတွေ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ ဒါကြောင့် အမှန်တရားကို ရှာဖွေတွေ့ရှိဖို့ ခက်ခက်ခဲခဲ ကြိုးစားနေရပါတယ်။ သတင်းမှားတွေနဲ့ ကာဆီးနေတာကြောင့် မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကို မြန်မာနိုင်ငံသားတွေတောင် အမှန်သိဖို့ ကြိုးစားနေတဲ့အချိန်မှာ အခြားနိုင်ငံသားတွေအနေနဲ့ အမှန်ကို အမှန်အတိုင်း မမြင်နိုင်တာကို အပြစ်မဆိုချင်ပါဘူး။ ဒါပေမယ့်လည်း ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန် သေသေချာချာ လေ့လာဆန်းစစ်ကြည့်မယ်ဆိုရင် ပကတိအခြေအနေမှန်ကို ရှာဖွေတွေ့ရှိနိုင်မှာဖြစ်ပါတယ်။ အပြုသဘောဆောင် အကောင်းမြင်တတ်သူတွေအနေနဲ့ အမှန်တရားကို အလွယ်တကူရှာဖွေတွေ့ရှိကြသလို မကောင်းမြင် မကောင်းစိတ်ထားရှိသူတွေအနေနဲ့ အမှားသံသရာထဲမှာ ဝဲလည်နေမှာဖြစ်ပါတယ်။

● မြန်မာနိုင်ငံအပေါ် အဆိုးတွေ၊ မကောင်းတာတွေ၊ အလိမ်အညာမုသားတွေ၊ မဟုတ်မမှန်သတင်းတွေ၊ ကောလာဟလစကားတွေ၊ အသုံးချမှုတွေကို နယ်ပယ်အမျိုးမျိုးကနေ အမျိုးမျိုးအဖုံဖုံ ထိုးနှက်နေတာကြောင့် အများအမြင်မှာ အထင်အမြင်သေးခံရပြီး မြန်မာနိုင်ငံရဲ့ပုံရိပ်ကို ကျဆင်းစေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအပေါ် သဘောထားအမှန် ရှိတဲ့သူတွေက မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေ အမှန်တရားကို သေသေချာချာ လေ့လာဆန်းစစ်ကြည့်ပြီး ရှင်းလင်းထုတ်ဖော်ပြောကြားပေးနေတဲ့သူတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံအပေါ် အကောင်းမမြင်တဲ့ သူတွေကတော့ အမှန်တရားကို မျက်ကွယ်ပြုပြီး အမှားအထပ်ထပ် ပြောနေကြဆဲ

မြန်မာနိုင်ငံအပေါ် အဆိုးတွေ၊ မကောင်းတာတွေ၊ အလိမ်အညာမုသားတွေ၊ မဟုတ်မမှန်သတင်းတွေ၊ ကောလာဟလစကားတွေ၊ အသုံးချမှုတွေကို နယ်ပယ်အမျိုးမျိုးကနေ အမျိုးမျိုးအဖုံဖုံ ထိုးနှက်နေတာကြောင့် အများအမြင်မှာ အထင်အမြင်သေးခံရပြီး မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ကျဆင်းစေပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံအပေါ် သဘောထားအမှန်ရှိတဲ့သူတွေက မြန်မာနိုင်ငံရဲ့ ပကတိအခြေအနေ အမှန်တရားကို သေသေချာချာ လေ့လာဆန်းစစ်ကြည့်ပြီး ရှင်းလင်းထုတ်ဖော်ပြောကြားပေးနေတဲ့ သူတွေလည်းရှိပါတယ်။ မြန်မာနိုင်ငံအပေါ် အကောင်းမမြင်တဲ့သူတွေကတော့ အမှန်တရားကို မျက်ကွယ်ပြုပြီး အမှားအထပ်ထပ် ပြောနေကြဆဲဖြစ်ပါတယ်။

### အင်တာနက်ပေါ်က လှည့်စားမှု

“မြန်မာနိုင်ငံဟာ အမှန်တကယ်ပင် အထင်သေးခံရတဲ့နိုင်ငံဖြစ်နေပါသလား။ ခင်ဗျားတို့မကြားချင်တဲ့အမှန်တရားတချို့ကို ပြောပြချင်တာနဲ့ တကယ့်အင်တာနက်ပေါ်က လှည့်စားမှုရဲ့ တရားခံအစစ်အမှန်တွေကို ကျုံ့ရှောင်ဖေးက ဖော်ထုတ်ပြသပေးချင်ပါတယ်” လို့ ဆိုလာတာကို ဖတ်ရှုလိုက်ရပါတယ်။ ၂၀-၈-၂၀၂၃ ရက်နေ့က ၎င်းရဲ့ WeChat သတင်းစာမျက်နှာမှတစ်ဆင့် ဖော်ပြခဲ့တဲ့ “မြန်မာနိုင်ငံအကြောင်း သိကောင်းစရာနှင့် ဆက်သွယ်ရေးလိမ်လည်မှုနှင့်ပတ်သက်၍ တရားခံများအားဖော်ထုတ်နိုင်ရေး” သတင်းဆောင်းပါးတစ်ပုဒ်ကို ပြန်လည်မျှဝေပေးလိုပါတယ်။ မစ္စတာကျုံ့ရှောင်ဖေးဟာ (၁၄)ကြိမ်မြောက် CPPCC အမျိုးသားကော်မတီ၊ Tianjin New Media Association ရဲ့ ဒုတိယဥက္ကဋ္ဌနဲ့ Tianjin Red Coast Culture Development တည်ထောင်သူဖြစ်ပါတယ်။

ကျုံ့ရှောင်ဖေးက “မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းတွေဟာ အမှောင်ဖုံးလျက်ရှိပြီး တရုတ်လူမျိုးတွေရဲ့အမြင်မှာ မြန်မာနိုင်ငံဟာ ဆက်သွယ်ရေးလိမ်လည်မှု၊ လူကုန်ကူးမှု၊ သတ်ဖြတ်မှု စတဲ့ ပြဿနာတွေ ဖြစ်ပေါ်လျက်ရှိတဲ့နေရာလို့ သတင်းမှားတွေရဲ့ လမ်းကြောင်းအရ ထင်မြင်လျက်ရှိတယ်။ အမှန်တကယ်မှာ အဲဒီပြဿနာတွေ ဖြစ်ပွားရာနေရာတွေဟာ မြန်မာနိုင်ငံအစိုးရရဲ့ ထိန်းချုပ်နယ်မြေတွေ မဟုတ်ဘဲ ရာဇဝတ်ဂိုဏ်းတွေ အများစုတည်ရှိရာနေရာအချို့၌သာဖြစ်တယ်။ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးစတဲ့မြို့ကြီးတွေဟာ လုံခြုံစိတ်ချမှုရှိတယ်။ မကြာမီက တရုတ်နိုင်ငံအစိုးရက တရုတ်နိုင်ငံသားတွေအတွက် အဖွဲ့လိုက်သွားလာခွင့်ပြုတဲ့ နိုင်ငံတွေစာရင်းမှာ မြန်မာနိုင်ငံကို ထည့်သွင်းထားတယ်” လို့ အစချီထားပါတယ်။

“မြန်မာနိုင်ငံရဲ့ ဒေသပထဝီမြေပြင်အနေအထားဟာ တရုတ်နိုင်ငံအတွက် လွန်စွာအရေးပါတယ်။ မြန်မာနိုင်ငံနဲ့ နီးနီးကပ်ကပ် ဆက်ဆံမယ်ဆိုပါက တရုတ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှတစ်ဆင့် ဘင်္ဂလားပင်လယ်အော် ပင်လယ်ရေကြောင်းတင်ပို့မှုကိုဖွင့်ပေးနိုင်မယ်၊ အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့အရေးယူမှုတွေကို ရှောင်ဖယ်နိုင်မယ်။ မြန်မာနိုင်ငံရှိ ကျောက်ဖြူရေနက်ဆိပ်ကမ်းဟာ တရုတ်နိုင်ငံအတွက် အလွန်အဆင်ပြေပြီး အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံကလည်း ဝင်ရောက်စွက်ဖက်ခြင်းမရှိတဲ့အတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ဖွင့်လှစ်ပြီးပါက မြန်မာနိုင်ငံရဲ့ အနာဂတ်ဟာ တောက်ပလာမှာဖြစ်တယ်” လို့ ဆက်လက်ဆိုထားပါတယ်။

▼ မြန်မာနိုင်ငံ အစိုးရအုပ်ချုပ်မှုအောက်ရှိ မြို့တွေမှာ တရားဥပဒေစိုးမိုးမှုရှိပြီး ဆက်သွယ်ရေးလိမ်လည်မှုဇုန်တွေ မရှိပါဘူး။ တရုတ်နိုင်ငံဟာ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံတွေနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို လက်တွဲပူးပေါင်းလုပ်ဆောင်နေပြီး ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေးပူးတွဲ တရားဥပဒေစိုးမိုးရေးစင်တာကို တည်ထောင်နိုင်ဖို့ ကြိုးပမ်းလျက်ရှိ

### အစိုးရကိုပဲ အပြစ်တင်လို့မရ

“ယနေ့ခေတ် အင်တာနက်စာမျက်နှာတွေပေါ်မှာ မြင်တွေ့နေရတဲ့ ရာဇဝတ်မှုတွေဟာ မြန်မာနိုင်ငံရဲ့ မြောက်ပိုင်းနယ်မြေတွေနဲ့ ရွှေတြိဂံနယ်မြေတွေဖြစ်တယ်။ အဆိုပါဒေသတွေဟာ သွားလာဖို့ခက်ခဲပြီး ယင်းနေရာတွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ ဒေသခံခေါင်းဆောင်တွေက သိမ်းပိုက်ထားကာ ခွဲထွက်ရေးတပ်ဖွဲ့ဖွဲ့စည်းပြီး မင်းမူနေထိုင်လျက်ရှိတာဖြစ်တယ်။ ဒီဒေသတွေရဲ့ အမှောင်ဖုံးမှုနဲ့ အန္တရာယ်ရှိမှုတွေအတွက် မြန်မာနိုင်ငံအစိုးရ တစ်ရပ်တည်းကိုပဲ အပြစ်တင်လို့ မရနိုင်ဘူး”လို့ ဆိုထားပါတယ်။

ဆက်သွယ်ရေးလိမ်လည်မှုလုပ်ငန်းတွေဟာ အင်တာနက်နည်းပညာတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ အမေရိကန်နိုင်ငံကိုယ်တိုင် သားကောင်ဖြစ်လာခဲ့ပါတယ်။ ဆက်သွယ်ရေးလိမ်လည်မှုရဲ့ အရေးအကြီးဆုံးအချက်ဟာ ငွေကြေးဝန်ဆောင်မှုတွေဖြစ်ပြီး အရှေ့တောင်အာရှနဲ့ ဒူဘိုင်းတို့မှ ချမ်းသာသူတွေ အများအပြားဟာ စင်ကာပူနိုင်ငံမှာ သွားရောက်နေထိုင်ကြပြီး ငွေကြေးခဝါချမှု၊ ဝန်ဆောင်မှုပေးတဲ့ ငွေကြေးဆိုင်ရာ ကုမ္ပဏီတွေ ထူထောင်ထားပါတယ်။ ငွေတွေကို Virtual currency မှတစ်ဆင့် ငွေကြေးခဝါချတဲ့ ဝန်ဆောင်မှုတွေနဲ့အတူ ယနေ့စင်ကာပူနိုင်ငံဟာ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ရေးလိမ်လည်မှု ရာဇဝတ်မှုဆိုင်ရာ ငွေကြေးခဝါချမှုစင်တာလို ဖြစ်လာတယ်လို့ ဆိုထားပါတယ်။

လက်ရှိမှာ ဖိလစ်ပိုင်နိုင်ငံဟာ တရုတ်နိုင်ငံကို ဝင်ရောက်စွက်ဖက်ဖို့ အမေရိကန် စစ်အခြေစိုက်စခန်းကို တည်ထောင်ခွင့်ပေးထားပါတယ်။ ဖိလစ်ပိုင်နိုင်ငံဟာလည်း ဆက်သွယ်ရေးလိမ်လည်မှု၊ လူကုန်ကူးမှု၊ ငွေညှစ်မှု၊ အွန်လိုင်းလောင်းကစားဝိုင်းတွေ ထွန်းကားရာနေရာဖြစ်လာပါတယ်။ တရုတ်ကျောင်းသားတွေ ပြန်ပေးဆွဲခံရတာ၊ လူကုန်ကူးခံရတာ၊ တရုတ်ခရီးသည်တွေထံက ကျောက်ကပ်ထုတ်ယူတာစတဲ့ အွန်လိုင်းသတင်းတွေရဲ့ ဖြစ်ရပ်မှန်နေရာဟာ ဒူဘိုင်းမြို့မှာ ဖြစ်ပွားနေတာလို့ ဆိုပါတယ်။ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားတို့မှာ အဲဒီလို ခွဲစိတ်မှုတွေ၊ ကိုယ်တွင်းကလီစာ အစားထိုးခွဲစိတ်ကုသခြင်းဆိုင်ရာ နည်းပညာတွေနဲ့ ကိုယ်တွင်းကလီစာတွေခွဲထုတ်ပြီး သိုလှောင်ဖို့ အအေးစက်တွေ၊ စက်ကိရိယာတွေ၊ တတ်ကျွမ်းတဲ့ ဆရာဝန်တွေ ဖွံ့ဖြိုးနေတာမရှိဘူးလို့ ဆိုထားပါတယ်။

### ဆက်သွယ်ရေးလိမ်လည်မှုဇုန်တွေ

ဒါပေမယ့် ဖိလစ်ပိုင်နဲ့ ဒူဘိုင်းတို့မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသလို လက်နက်စွဲကိုင်တဲ့အဖွဲ့တွေ မရှိပါဘူး။ ပထဝီနယ်မြေဒေသအခြေအနေအရ မရှိနိုင်တာကြောင့်လည်းကောင်း၊ တရုတ်လူမျိုးတွေအမြင်မှာ ဒူဘိုင်းဟာ ချမ်းသာကြွယ်ဝမှုတွေကိုသာ အွန်လိုင်းပေါ်မှာ မြင်တွေ့လျက်ရှိတာကြောင့်လည်းကောင်း တရုတ်နိုင်ငံသားတွေအနေနဲ့ အဲဒီနေရာတွေမှာ အမှန်တကယ်ဖြစ်ပျက်နေတဲ့ကိစ္စတွေကို မြန်မာနိုင်ငံက ပဋိပက္ခတွေနဲ့အတူ မြန်မာနိုင်ငံဆိုပြီး မှားယွင်းစွာ ပြောဆိုနေကြတာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အစိုးရအုပ်ချုပ်မှုအောက်ရှိ မြို့တွေမှာ တရားဥပဒေစိုးမိုးမှုရှိပြီး ဆက်သွယ်ရေးလိမ်လည်မှုဇုန်တွေမရှိပါဘူး။ တရုတ်နိုင်ငံဟာ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနဲ့ အခြားနိုင်ငံတွေနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းတွေကို လက်တွဲပူးပေါင်းလုပ်ဆောင်နေပြီး ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးနဲ့ လူကုန်ကူးမှုတိုက်ဖျက်ရေး ပူးတွဲတရားဥပဒေစိုးမိုးရေးစင်တာကို တည်ထောင်နိုင်ဖို့ ကြိုးပမ်းလျက်ရှိနေတယ်လို့ မစ္စတာကျုံ့ရှောင်ဖေးက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ နယ်စပ်ဒေသအချို့နဲ့ အချို့ဒေသတွေမှာရှိနေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နဲ့ ရာဇဝတ်ဂိုဏ်းတွေရဲ့ ကျူးလွန်လုပ်ဆောင်မှုတွေနဲ့ ရောထွေးပြီး အထင်အမြင်လွဲမှားစရာတွေ ကြုံတွေ့နေရပါတယ်။ အင်တာနက်အွန်လိုင်းပေါ်တွေမှာတွေ့ရှိတဲ့ အဖြစ်အပျက်အများစုဟာ အခြားနိုင်ငံတွေရဲ့ ဖြစ်ပျက်တာတွေဖြစ်ပါတယ်။

အဆိုပါသတင်းဆောင်းပါးဟာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေဖြစ်ရပ်မှန်တွေနဲ့ အနီးစပ်ဆုံးဖော်ပြထားတာတွေ့ရပါတယ်။ တရုတ်မီဒီယာတွေမှာ ပျံ့နှံ့လျက်ရှိတဲ့ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ သတင်းမှားတွေကို အသေးစိတ်ပြန်လည်ရှင်းလင်းတင်ပြခဲ့တဲ့အတွက် မစ္စတာကျုံ့ရှောင်ဖေးကို ကျေးဇူးတင်ရမှာဖြစ်ပြီး အထင်အမြင်လွဲမှားမှုတွေကို ရှင်းလင်းပြောပြပေးလို့ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံခရီးသွားတွေရဲ့ စိတ်ဝင်စားမှုကို ပြန်လည်မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။

ကမ္ဘာတစ်ခွင် ဆက်သွယ်ရေးနည်းပညာတွေ ထွန်းကားနေတဲ့ကာလမှာ လူသားအကျိုးပြု ဆက်သွယ်မှုတွေ ရရှိနေမှာ ဖြစ်ပေမယ့် ဆက်သွယ်ရေးကိုအသုံးပြုပြီး လိမ်လည်မှုတွေ၊ ဒုစရိုက်မှုတွေ၊ မကောင်းမှုတွေလည်း ရှိနေဦးမှာဖြစ်ပါတယ်။ လက်ရှိမှာ မြန်မာနိုင်ငံရဲ့ ပုံရိပ်ကို ထိခိုက်စေနိုင်တဲ့ ဆက်သွယ်ရေးလိမ်လည်မှုတွေ၊ လောင်းကစားမှုတွေကို နိုင်ငံတော်အစိုးရက ပြတ်သားစွာ တိုက်ဖျက်နှိမ်နင်းသွားမှာဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ အွန်လိုင်းပေါ်မှ လိမ်လည်မှုတွေ၊ ဒုစရိုက်မှုတွေ၊ အကြမ်းဖက်မှုတွေ၊ လောင်းကစားမှုတွေကို အားမပေးမိဖို့ အသိပေးနှိုးဆော်လိုက်ရပါကြောင်း။ ။

# တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်းစုပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ငါးဦးသေဆုံး

**နန်ကျင်း စက်တင်ဘာ ၂၀**

တရုတ်နိုင်ငံအရှေ့ပိုင်းကျန်းစုပြည်နယ်ရှိ မြို့နှစ်မြို့ကို စက်တင်ဘာ ၁၉ ရက်က လေဆင်နှာမောင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ငါးဦးထက်မနည်း သေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသခံအာဏာပိုင်များက စက်တင်ဘာ ၂၀ ရက်တွင် ပြောသည်။

စူချန်းမြို့ရှိ တာ့ကျင်မြို့နယ်နှင့် နန်ကိုင်မြို့နယ်တို့တွင် ညနေ ငါးနာရီ ဝန်းကျင်ခန့်က လေဆင်နှာမောင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေဆင်နှာမောင်းဒဏ်ကို လူပေါင်း ၅၅၁၂ ဦး ခံစားခဲ့ရပြီး နေအိမ်ပေါင်း ၁၃၇ လုံး ပျက်စီးခဲ့ရသည်ဟု ကနဦးစုံစမ်းစစ်ဆေးမှုအရ သိရသည်။ ကောက်ပဲသီးနှံများလည်း ပျက်စီးခဲ့ပြီး လူပေါင်း၄၀၅ဦးကို ဘေးကင်းလုံခြုံသည့်နေရာတွင် ယာယီနေရာချပေးထားရသည်ဟု စူချန်းမြို့ အရေးပေါ်ကိစ္စရပ်များစီမံခန့်ခွဲမှုဌာနက ပြောသည်။

ဒေသခံအရာရှိများသည် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်ကြပြီး နောက်ဆက်တွဲအကျိုးဆက်များကို လေ့လာခဲ့ကြသည်။ ဒဏ်ရာရရှိသူများသည် ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည်။

**ဆင်ဟွာ**



စူချန်းမြို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုအပြီး ထိခိုက်ပျက်စီးမှုများကို စက်တင်ဘာ ၂၀ ရက်က တွေ့ရစဉ်။

## အင်ဒိုနီးရှားနိုင်ငံ၌ အာဆီယံ၏ပထမဆုံး စစ်ရေးလေ့ကျင့်ဆောင်ရွက်မှုစတင်

**ဂျကာတာ စက်တင်ဘာ ၂၀**

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင်များသည် ၎င်းတို့၏ ပထမဆုံးသော ပူးတွဲစစ်ရေးလေ့ကျင့်မှုကို စတင်လိုက်ပြီဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ စစ်ရေးလေ့ကျင့်မှုအချို့ကို အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းစုများတွင် လုပ်ဆောင်လျက်ရှိသည်။

ယခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်ယူထားသည့် အင်ဒိုနီးရှားနိုင်ငံက စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။ အာဆီယံအဖွဲ့ဝင်အများစုသည် အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် လေ့လာသူများအဖြစ် ပါဝင်ကြပြီး ထိုစစ်ရေးလေ့ကျင့်မှုကို စနေနေ့အထိ ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်သည်။

အာဆီယံသည် စီးပွားရေးကိစ္စရပ်များအပေါ်တွင် ပိုမိုအလေးထားသောကြောင့် ယခုစစ်ရေးလေ့ကျင့်မှုမှာ တိုက်ခိုက်ရေးစစ်ဆင်ရေး မဟုတ်ကြောင်း အင်ဒိုနီးရှားတပ်မတော်၏ အကြီးအကဲ ယူဒိုမာဂိုနိုက ပြောသည်။ ထို့အပြင် လေ့ကျင့်မှုများမှာ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလှုပ်ရှားမှုများကိုသာ အဓိကထား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောသည်။

ထိုစစ်ရေး လေ့ကျင့်ဆောင်ရွက်မှုများကို ဘာတမ်ကျွန်းနှင့် နာတူနာကျွန်းစုများပေါ်တွင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**





## ဂျပန်နိုင်ငံ၌ ဘတ်စ်ကားမောင်းသူပြတ်လပ်မှု တဖြည်းဖြည်းတိုးလာ

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဘတ်စ်ကားမောင်းသူ ၃၀၀၀၀ ကျော် လျော့ကျသွားမည်ဟု ဂျပန်သယ်ယူပို့ဆောင်ရေးအရာရှိများက ခန့်မှန်းထားသည်။ ဘတ်စ်ကားမောင်းသူပြတ်လပ်မှုပြဿနာကြောင့် ပုံမှန်ပြေးဆွဲနေသည့် လမ်းကြောင်းများကို လျှော့ချရမည့် ဖိအားနှင့်လည်း ရင်ဆိုင်နေရသည်။

လက်ရှိ ဘဏ္ဍာနှစ်အတွက် တစ်နိုင်ငံလုံးအနှံ့ ဘတ်စ်ကားမောင်းသူ ၁၂၁၀၀၀ လိုအပ်သည်ဟု နီဟွန် ဘတ်စ်ကားအဖွဲ့အစည်းမှ ပြောသည်။ သို့သော်လည်း ဘတ်စ်ကားအော်ပရေတာများမှာ ယာဥ်မောင်း ၁၀၀၀၀ ဝန်းကျင် လိုအပ်နေပြီး အခြေအနေမှာပို၍ ဆိုးရွားလာမည်ဟုလည်း နီဟွန်ဘတ်စ်ကားအဖွဲ့အစည်းမှ ယူဆသည်။

၂၀၃၀ ပြည့်နှစ် အရောက်တွင် ယာဥ်မောင်းအရေအတွက်မှာ အသက်အရွယ်ကြောင့် ၉၃၀၀၀ အထိ လျော့ကျသွားမည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် ယာဥ်မောင်းလိုအပ်ချက်မှာ ၃၆၀၀၀ အထိ ရှိလာမည်ဖြစ်သည်။ ယာဥ်မောင်းပြတ်လပ်မှုများကြောင့် မြို့ကြီးများတွင် ဝန်ဆောင်မှုပေးခြင်းကို လျှော့ချရခြင်းများဖြစ်လာနိုင်သည်။ အချို့သော ဘတ်စ်ကားအော်ပရေတာများမှာ ယာဥ်မောင်းလာရောက်လျှောက်ထားသူများ အတွက် ကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်း မြင့်မားသည့်လစာတို့ဖြင့် ဆွဲဆောင်လာကြသည်။

အကယ်၍ ဘတ်စ်ကားကုမ္ပဏီများသည် ယာဥ်မောင်းများကို ဆွဲဆောင်နိုင်ခြင်း မရှိပါက ဘတ်စ်ကားပြေးဆွဲမှုလမ်းကြောင်းများကို လျှော့ချရတော့မည်ဟု ဘတ်စ်ကားအဖွဲ့အစည်းမှ ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်၌ အင်တာနက်သုံးစွဲသူ ၁၃၁ သန်းနီးပါးရှိလာ

**ဒါကာ စက်တင်ဘာ ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဇူလိုင်လကုန်ပိုင်းအထိ အင်တာနက်အသုံးပြုသူ ၁၃၀ ဒသမ ၉၄ သန်းအထိ ရှိလာမည်ဟု နိုင်ငံအတွင်းရှိ တယ်လီကွန်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ထုတ်ပြန်သော အချက်အလက်အသစ်များအရ သိရသည်။

**မိုဘိုင်းလ်ဖုန်းအင်တာနက် အသုံးပြုသူ ၁၁၈ ဒသမ ၇၉ သန်းရှိ**

ဘင်္ဂလားဒေ့ရှ် ဆက်သွယ်ရေးစည်းကမ်းထိန်းသိမ်းရေး ကော်မရှင် (ဘီတီအာစီ)၏ အချက်အလက်များအရ မိုဘိုင်းလ်ဖုန်းအင်တာနက် အသုံးပြုသူ ၁၁၈ ဒသမ ၇၉ သန်းရှိပြီး ဝိုင်ဖိုင်အင်တာနက် အသုံးပြုသူ ၁၂ ဒသမ ၁၅ သန်းရှိသည်ဟု သိရသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုဘိုင်းလ်ကုမ္ပဏီ လေးခုလုပ်ကိုင်**

ယခုနှစ်ပထမ ခုနစ်လအတွင်း မိုဘိုင်းလ်ဖုန်းကုမ္ပဏီများတွင် သုံးစွဲသူအသစ် ခုနစ်သန်းကျော် တိုးလာခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိ မိုဘိုင်းလ်ကုမ္ပဏီ လေးခုလုပ်ကိုင်နေပြီး ၎င်းတို့အနက် သုံးခုမှာ နိုင်ငံခြားမှ လာရောက်လုပ်ကိုင်ကြသည့် ကုမ္ပဏီများဖြစ်ကြသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံသို့လာရောက်သော နိုင်ငံခြားဧည့်သည်အရေအတွက် မြင့်တက်လာ

**တိုကျို စက်တင်ဘာ ၂၀**

ဂျပန်နိုင်ငံသို့ လာရောက်သော နိုင်ငံခြားဧည့်သည်အရေအတွက်သည် ဩဂုတ်လအထိ သုံးလဆက်တိုက် နှစ်သန်းအထိ မြင့်တက်လာသည်။

လွန်ခဲ့သောလက ခရီးသည် ၂ ဒသမ ၁ သန်းကျော် ဂျပန်နိုင်ငံသို့ လာရောက်ခဲ့ကြောင်း ဂျပန်အမျိုးသားခရီးသွားလာရေးအဖွဲ့က ပြောကြားခဲ့သည်။

၂၀၁၉ ခုနှစ် ဩဂုတ်လက လာရောက်ခဲ့သော ခရီးသည်အရေအတွက်၏ ၈၅ ရာခိုင်နှုန်းခန့်အထိ ပထမဆုံးအကြိမ် ပြန်လည်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံသို့ လာရောက်သော ခရီးသွားဧည့်သည်များအနက် တောင်ကိုရီးယားနိုင်ငံသည် အများဆုံး ဖြစ်သည်။ ထို့နောက် တရုတ်နိုင်ငံဖြစ်သည်။

စက်တင်ဘာလ ကုန်တွင် စမည့် တရုတ်အမျိုးသားနေ့ရက်ရှည်အားလပ်ရက် အချိန်အခါဖြစ်သောကြောင့် ဂျပန်နိုင်ငံ၏ စုစုပေါင်း ခရီးသွားဧည့်သည် လာရောက်မှု အရေအတွက်မှာ ဆက်လက် မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ပခုက္ကူခရိုင်၌ မိုးမြေပဲများ စတင်ရိတ်သိမ်းလျက်ရှိ



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်သည် စပါးစိုက်ကေနည်း၍ ဆန်လိုဒေသ ဖြစ်သော်လည်း ဆီထွက်သီးနှံများနှင့် ပဲအမျိုးမျိုး စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း၊ ဆီထွက်သီးနှံ တစ်မျိုးဖြစ်သည့် မိုးမြေပဲသီးနှံစိုက်ပျိုးမှုအနေဖြင့် ပခုက္ကူမြို့နယ်တွင် ၂၅၁၄၆ ဧက၊ ရေစကြိုမြို့နယ်တွင် ၉၃၂၂ ဧက၊ မြိုင်မြို့နယ်တွင် ၅၆၄၇၈ ဧက၊ ပေါက်မြို့နယ်တွင် ၅၀၃၀၇ ဧက၊ ဆိပ်ဖြူမြို့နယ်တွင် ၁၁၄၉၃ ဧက စုစုပေါင်း ၁၅၂၇၄၆ ဧက စိုက်ပျိုးပြီးစီးကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု အနေဖြင့် မိုးမြေပဲကို မေလတွင် စိုက်ပျိုးပြီး စက်တင်ဘာလတွင် စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၇၇၇၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။ တစ်ဧကအထွက်နှုန်းအနေဖြင့် ၄၀-၄၅ တင်းခန့်ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် မြေပဲတောင့်(အစို)တစ်တင်းလျှင် ကျပ် ၂၃၁၀၀ ပေါက်ဈေးရှိရာ တစ်ဧက အကျိုးအမြတ် အနေဖြင့် ကျပ် ၂၆၀၀၀၀ ကျော်ခန့် ရရှိကြောင်း၊ မြေပဲ (အစို) များကို အခြောက်လှန်း၍ မြေပဲဆန်များအဖြစ် ကြိတ်ခွဲရောင်းချချိန်တွင် တောင်သူများအတွက် အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ်ကြောင်း သိရသည်။

မြေပဲဆန်ကို ဆီကြိတ်ရာတွင် သာမက မြေပဲယိုများ၊ မြေပဲဆားလှော်များအပြင် မြေပဲဆန်ကို ကြိတ်၍ရရှိသော ကြိတ်ဖတ်များကို နှမ်းဖတ်ချဉ်အဖြစ်လည်း ကောင်း ထုတ်လုပ်ရောင်းချလျက်ရှိပြီး မြေပဲပင်မှ ထွက်ရှိသော မြေပဲရိုး၊ မြေပဲမှော်များကိုလည်း တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည့်အတွက် မြေပဲသီးနှံကို ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။

**DOCA (မကွေး)**

## မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ ငါးမျိုးစုံ ၄၁ ဒသမ ၂ တန် တင်ပို့

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၉၆၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၁၂၉ သန်း၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၀၉၄ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၄၁ ဒသမ ၂ တန်၊ ရွှံ့ကဏန်း (အရှင်) ၄ ဒသမ ၅တန်၊ ဂျင်းခရု (အရှင်) ၂ ဒသမ ၈ တန်၊ ကဏန်း(အသေ) ၀ ဒသမ ၈တန်၊ ရေခူဆားနယ် ၅ ဒသမ ၆ တန်၊ ကျောက်ပုစွန် (အရှင်) ၀ ဒသမ ၁ တန်၊ငှက်ပျောသီး တန် ၃၀၊ ငရုတ်သီးစိမ်း ၀ ဒသမ ၇ တန်၊ တံမြက်စည်း ၂၄၀၀၀ တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ ကြွေပြား ၃၂၀၀ စတုရန်းမီတာနှင့် ငါးသေတ္တာဘူးခွံ ၁၀ တန်တို့ဖြစ်သည်။ မော်တောင်နယ်စပ်ဒေသ၌ စက်တင်ဘာ ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ဘတ် ၁၀၅၀၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၉၅ ဒသမ ၂၄ ကျပ်ခန့်ရှိကြောင်း သိရသည်။ **DOT(မော်တောင်)**

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တွင် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၈ သန်း ဆောင်ရွက်နိုင်ခဲ့

မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်အနေဖြင့် စက်တင်ဘာ ၁၉ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၀၃ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၀၅ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၀၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ငါးရှဉ့် ၅၀ ဒသမ ၀၀ တန်၊ ခဲသွပ်အရောသတ္တု ၁၉၁ ဒသမ ၀၀ တန်၊ ရေခဲပုစွန် ၆ ဒသမ ၈၀ တန်၊ ကြေးနီ ၃၄ ဒသမ ၀၀ တန်၊ ကဏန်း ၂၂ ဒသမ ၀၃ တန်၊ ကြက်သွန်နီ ၁၁၇ ဒသမ ၅၀ တန်၊ မြေထောက်ပဲ ၃၄ ဒသမ ၀၀ တန်၊ ဆန် ၁၀၁ ဒသမ ၅၀ တန်၊ သကာရည် ၁၂၇ ဒသမ ၀၀ တန်နှင့် ဆန်ကွဲ ၁၀၅ ဒသမ ၅၀ တန် တို့ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့်ယာဉ်ယန္တရားများ၊ SKD စနစ်ဖြင့် တင်သွင်းသည့် မော်တော်ဆိုင်ကယ်အပိုပစ္စည်း၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ကာဗွန်မှုန့်၊ သံပေါင်၊ စတီးပြား၊ ကြက်သံလျှောင်အိမ်၊ ဘက်ထရီနှင့် ဖလင်ပြားတို့ဖြစ်သည်။ **DOT ( မြဝတီ)**

## ကော့သောင်းကုန်သွယ်ရေးစခန်းတွင် ပို့ကုန်တန်ချိန် ၁၁၇၆ တန် တင်ပို့

ကော့သောင်း ကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်၊ ဆီအုန်း၊ သီဟိုဠ်စေ့တို့ ဖြစ်သည်။

စက်တင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ပို့ကုန်တန်ချိန် ၁၁၇၆ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၇ သန်းဖြစ်ရာ စုစုပေါင်း ကုန်သွယ်မှု ပမာဏမှာ ဒေါ်လာ ၁ ဒသမ ၂၇ သန်းဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ စက်ကလပ်ငါး ၁၅ ဒသမ ၉၂ တန်၊ ပလာလန်းငါး ၁၈ ဒသမ ၀၈၀ တန်၊ ငါးဆင်နင်း ၁ ဒသမ ၄၄ တန်၊ ငါးနီငယ် ၁၂၆ ဒသမ ၀၉ တန်၊ ဘေးဝါငါး ၄၄ ဒသမ ၇၅၅ တန်၊ ငါးလူးစီ ၆ ဒသမ ၈၈ တန်၊ တာဝမ်ငါး ၄၅ ဒသမ ၄၆၀ တန်၊ ပလာတူးငါး ၃၃ ဒသမ ၅၅ တန်၊ ပုစွန် ၂ ဒသမ ၂၀ တန်နှင့် ကဏန်း ၄ ဒသမ ၁၀ တန်တို့ ဖြစ်သည်။



စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၃၀၅၀ နှင့် ဒီဇယ် တစ်ဂါလန်လျှင် ကျပ် ၁၃၀၅၀ ဖြစ်သည်။

စက်တင်ဘာ ၂၀ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၀၄၇ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၉၅ ဒသမ ၅၀ ကျပ် ဖြစ်ကြောင်း သိရှိရသည်။

**DOT (ကော့သောင်း)**

## ၂၀ - ၉ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညွှန့်မထ | ဧစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၄၃၀၀ | | ၁၂၀၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၄၃၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၂၀၀ | ၃၈၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၂၂၀၀၀ | ၄၂၀၀ | ၉၀၀၀ | ၉၅၀၀ | ၃၀၀၀ | ၆၅၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၁၆၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၃၀၀၀ |
| ၄ | တောင်ကြီး | ၃၂၀၀ | ၂၇၅၀ | ၁၀၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၅ | လှိုင်ကော် | ၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၄၆၀၀ | ၂၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၁၆၀၀၀ | ၄၉၀၀ | ၁၅၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၇၅၀ | | ၁၅၆၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၁၇၅၀၀ | ၅၆၅၀ | ၁၈၀၀၀ | ၃၈၀၀ | ၉၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၁၆၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၃၇၀၀ | ၉၃၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၃၀၀ | ၈၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၃၆၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၀၀၀ | ၂၉၀၀ | ၁၆၀၀၀ | ၄၇၀၀ | ၁၈၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၀၀၀ | | ၁၅၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၃၄၀၀ | ၉၅၀၀ | ၇၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၉၀၀ | ၆၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၅၄၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၉၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၇၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၆၈၅၀ | | ၁၈၅၀၀ | | ၄၀၀၀၀ | ၃၀၀၀ | ၈၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၇၀၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၅၄၀၀ | | ၁၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၇၈၀၀ | ၇၅၀၀ | ၄၀၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၄၂၀၀ | ၂၇၅၀ | ၁၅၀၀၀ | ၅၆၅၀ | ၂၂၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၈၀၀ | ၉၂၀၀ | ၇၂၀၀ | ၆၀၀၀ | ၂၈၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၃၀၀ | | ၁၃၅၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၆၅၀ | ၈၀၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၄၂၀၀ | | ၁၄၅၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၆၅၀၀ | ၈၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၈ | ပြည် | ၂၈၀၀ | | ၁၃၅၀၀ | ၅၁၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၂၉၅၀ | | ၁၆၀၀၀ | ၄၉၀၀ | ၁၆၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၂၀၀ | ၂၉၀၀ | ၂၃၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၄၀၀ | | ၁၅၂၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၄၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၁ | နေပြည်တော် | ၃၄၀၀ | | ၁၅၂၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၅၀၀ | ၈၄၀၀ | ၉၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၀၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၅၀၀ | ၃၉၀၀ | ၁၂၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၉၅၀၀ |
| ၂၂ | ကလေး | ၄၇၀၀ | ၄၃၀၀ | ၁၅၅၀၀ | ၁၁၅၀၀ | ၂၁၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၈၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၆၃၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |

မှတ်ချက်။ (၁) ညွှန့်မထဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ငွေကျပ် ၂၀၀၊ ဧစိန်ဆန် တစ်ပြည်လျှင် လှိုင်ကော်တွင် ငွေကျပ် ၁၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ငွေကျပ် ၂၀၀၊ မန်ကျည်းသီးနှင့် အာလူး တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၁၀၀၊ ပဲခူးတွင် ငွေကျပ် ၅၀၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၁၅၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ငွေကျပ် ၅၀၀၊ ပခုက္ကူတွင် ငွေကျပ် ၂၀၀၊ ချင်း တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၅၀၀၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပုသိမ်တွင် ငွေကျပ် ၁၀၀၀၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ငွေကျပ် ၂၀၀၊ ပခုက္ကူတွင် ငွေကျပ် ၁၀၀၊ ဝက်သား တစ်ပိဿာလျှင် ပခုက္ကူတွင် ငွေကျပ် ၁၀၀၀ ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပျဉ်းမနားမြို့အတွင်းရှိ ခေမာသီဝံကျောင်းတိုက်နှင့် မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်များထံ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၀

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက်နှင့် မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်တို့မှ ပဓာနနာယကဆရာတော်ကြီးများအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။** (ယာပုံ)



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့ ခေမာသီဝံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တတေဇနိယ မဟာထေရ်မြတ်ကြီးနှင့် သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အလားတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော်တိုင်း သံဃနာယကအဖွဲ့ အဖွဲ့ဝင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တစန္ဒောဘာသ မထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးရှိ မေတ္တာကန်နှင့် ပျဉ်းမနားမြို့နယ် ကျီးအင်းအုပ်စု ကျီးဖြူရိုးကျေးရွာရှိ ရွှေကံကောင်း မွေးမြူရေးခြံတွင် အသားတိုးဝက်မွေးမြူရေးခြံနှင့် အသားတိုး ကြက်မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပျဉ်းမနားမြို့နယ် ကန်တော်မင်္ဂလာရှမ်းကန်တွင် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည့် ရေလယ်ကျောင်းဆောင်၊ ရှင်ဥပဂုတ္တကျောင်းဆောင်တို့ အသစ်တည်ဆောက်ခြင်း၊ လူလျှောက်လမ်းတံတားအသစ် တည်ဆောက်နေမှုနှင့် ကန်တော်မင်္ဂလာ ရှမ်းကန်ပတ်လည်တွင် မြေယာရှင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ဒဂုံတက္ကသိုလ်နှင့် ရန်ကင်းပညာရေးဒီဂရီကောလိပ်တို့ကို ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၂၀**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် အဆင့်မြင့်ပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံတက္ကသိုလ်သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ တတိယနှစ် ရူပဗေဒ၊ သင်္ချာနှင့် ဘူမိဗေဒ ဘာသာရပ်၊ စတုတ္ထနှစ် သတ္တဗေဒ ဘာသာရပ်များ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။ **(ယာပုံ)**



ထို့နောက် ဒုတိယဝန်ကြီးသည် ဒဂုံတက္ကသိုလ်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒဂုံတက္ကသိုလ်အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများနှင့်တွေ့ဆုံပြီး ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) မှ ရှေ့လုပ်ငန်း အစီအမံများပေါ်ထွက်လာရာ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးနှင့် အနည်းဆုံး KG+9 ပြီးမြောက်ရေးကို ဦးတည်ဆောင်ရွက်ရေး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက် အထက်တန်းကျောင်းများကို ခရိုင် ၅၀ တွင် ၅၁ ကျောင်းဖွင့်လှစ် သင်ကြားလျက်ရှိပြီး လာမည့်ပညာသင်နှစ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်ရေး၊ တက္ကသိုလ် ဥပဓိရုပ်ကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာလှပရေး၊ တက္ကသိုလ်အင်္ဂါရပ်များဖြစ်သော ဘွဲ့နှင်းသဘင်ခန်းမ၊ စာကြည့်တိုက်၊ အပန်းဖြေရိပ်သာ၊ အနုပညာခန်းမနှင့် အားကစားရုံ၊ အားကစားပစ္စည်းများ ပြည့်စုံရေးနှင့် ကျောင်းသားကျောင်းသူ အိပ်ဆောင်များ လုံလောက်မှုရှိစေရေး၊ သင်ကြားသင်ယူမှုမြှင့်တင်ရန် စဉ်းစားတွေးခေါ်မှုဆိုင်ရာ အရည်အသွေးငါးမျိုးကို ဦးတည်သော Project-based Learning ဖော်ဆောင်ရေး၊ တိုင်းရင်းသားဒေသများရှိ တိုင်းရင်းသားများကို စာသင်ကြားရာတွင် ဘာသာစကားအခက်အခဲမရှိစေရန် ဒေသခံ တိုင်းရင်းသားဆရာ ဆရာမ TA, LT များပါဝင်ဆောင်ရွက်ရေး ဆောင်ရွက်နေသည့် အခြေအနေများကိုရှင်းလင်းပြောကြားသည်။

ထို့နောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက တက္ကသိုလ် ဥပဓိရုပ် ကောင်းမွန်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရန်ကင်းပညာရေးဒီဂရီ ကောလိပ်သို့ ရောက်ရှိပြီး ကျောင်းခြံစည်းရိုး အုတ်တံတိုင်းကာရံနေမှု၊ သင်တန်းသား ၂၀၀ ဆံ့ လေးထပ်ဆောင် ဆောက်လုပ်နေမှုနှင့် စားရိပ်သာဆောင် အခြေအနေတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ထားဝယ်မြို့၌ ယာဉ်မောင်းမွမ်းမံသင်တန်းဆင်း

**ထားဝယ် စက်တင်ဘာ ၂၀**

ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ယာဉ်မောင်းမွမ်းမံသင်တန်း အမှတ်စဉ် ၄/၂၀၂၃ သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်းက မီးသတ်ယာဉ်များ ကျွမ်းကျင်ပိုင်နိုင်စွာ မောင်းနှင်နိုင်ရေးအတွက် မီးသတ်ယာဉ်/စက်အမျိုးအစား၊ သုံးစွဲသည့် လောင်စာဆီအမျိုးအစားအလိုက် စက်စွမ်းအားနှင့် ဝန်ချိန်အနေအထားပေါ်မူတည်ပြီး လမ်းအနေအထားအမျိုးမျိုးတွင် သေချာစွာစဉ်းစားချင့်ချိန်၍ မောင်းနှင်တတ်ရန် လိုအပ်ကြောင်း၊ နည်းပြဆရာများက လေ့ကျင့်သင်ကြားပေးခဲ့သည့်အတိုင်း မိမိ၏စခန်းများသို့ ပြန်လည်ရောက်ရှိသည့်အခါ ကျွမ်းကျင်မှုရှိအောင် ဆက်လက်လေ့ကျင့်သွားကြရန် လိုအပ်ကြောင်း၊ သင်တန်းက ပို့ချပေးလိုက်သော ပညာရပ်များကို ပိုမိုကျွမ်းကျင်မှုရှိအောင် ဆက်လက်လေ့ကျင့်သွားကြရန်နှင့် ပြည်သူလူထုက ယုံကြည်အားကိုးရသော မီးသတ်တပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးစားသွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ငွေဇင်ယော်(ထားဝယ်)**

# မင်းတုန်းမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေပေးအပ်ပွဲကျင်းပ

**မင်းတုန်း စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် အသင်းသားများအား ရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက်က မြို့နယ်သမဝါယမအသင်းစု ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေပေးအပ်မှု ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမ အသင်းစု ဥက္ကဋ္ဌက အောင်သစ္စာ ရောင်းဝယ်ရေး သမဝါယမအသင်း၏ ငွေကြေးလည်ပတ်မှုနှင့် ထုတ်လုပ်နိုင်မှုကို ဆွေးနွေးသည်။

ဆက်လက်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ခံများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေပေးအပ်ရာ ဝက်မွေးမြူရေးလုပ်ကိုင်မည့် အောင်သစ္စာ ရောင်းဝယ်ရေးသမဝါယမအသင်းမှ အသင်းသား ကိုးဦးက ငွေကျပ် ၃၂ ဒသမ ၅၀၀ သန်း လက်ခံယူခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

(၂၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၉-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၉-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၂၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၀** - နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။ **မိုး/ဇလ**

# ယဉ်ကျေးမှုသည် ကိုယ်ပိုင်အလှတရား

သီဟစည်သူ

**ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံ၊ မိမိတို့လူမျိုး၊ မိမိတို့ အမျိုးသားယဉ်ကျေးမှုဂုဏ်သိက္ခာနှင့် တန်ဖိုးကို အလေးထားမြတ်နိုးပြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်အောင် လက်ဆင့်ကမ်း သယ်ဆောင်သွားနိုင်ရေး ရည်ရွယ်ချက်ဖြင့် ၂၀၂၃ ခုနှစ်တွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။**

အဆိုပါ ပြိုင်ပွဲကြီးသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် မြန်မာ့အနုသုခုမပညာရှင်များ မျှော်လင့်တောင့်တ အားပေးအားမြောက် ပြုကြသည့် ပြိုင်ပွဲကြီးဖြစ်သကဲ့သို့ မြန်မာ့ရိုးရာ အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးဆက်သစ်အနုပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်ရေးတို့အတွက် များစွာအရေးပါသော ပြိုင်ပွဲကြီးလည်းဖြစ်သည်။ ယဉ်ကျေးမှု၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် သိမ်မွေ့ပြေပြစ်သော တတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားနေသော လူနေမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့် ထိန်းသိမ်းတည်ရှိသော ဓလေ့ထုံးတမ်းများဟူ၍ ဖော်ပြထားသည်။

တစ်ဖန် ယဉ်ကျေးမှုကို မနုဿဗေဒပညာရှင်များက လူ့သမိုင်းစဉ်တစ်လျှောက်လုံးပင်ဖြစ်သည်ဟု ဖွင့်ဆိုခဲ့ကြသည်။ ၎င်းတို့က လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ထိုလူမျိုးတို့၏ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ထုတ်လုပ်သုံးစွဲသော ပစ္စည်းများ၊ ပြောဆိုသော ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ လူမှုဆက်ဆံရေးစနစ်၊ ရိုးရာဓလေ့ ထုံးစံများ၊ အတွေးအခေါ်နှင့် အယူအဆ၊ လက်မှုအနုပညာနှင့် သုခုမအနုပညာတို့ ပေါင်းခြုံထားခြင်းဖြစ်သည်ဟု ဖွင့်ဆိုခဲ့ကြပေသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့အစည်း(ယူနက်စကို)ကမူ ယဉ်ကျေးမှုအမွေအနှစ်ဟူသည်မှာ အဆောက်အအုံများ၊ ပြတိုက်များတွင် စုဆောင်းထားရှိသော ရုပ်ဝတ္ထုပစ္စည်းများ စသည်တို့ သာမကဘဲ လူသားတို့၏ ဘိုးဘေးဘီဘင် အစဉ်အဆက်မှ လက်ဆင့်ကမ်းလာခဲ့ကြသည့် ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက်များ၊ ဘာသာစကားများ၊ ဖျော်ဖြေတင်ဆက်မှုအနုပညာများ၊ လူမှုရေး အစဉ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ၊ သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတနှင့် ရိုးရာအစဉ်အလာအလေ့အထများ၊ ရိုးရာလက်မှုပညာရပ်များတို့ ပါဝင်ကြောင်း သတ်မှတ်ထားပါသည်။ ယနေ့ခေတ်တွင် ကမ္ဘာလုံးဆိုင်ရာ ပတ်သက်ဆက်နွှယ်မှုများ (Globalization) ကြီးထွားလာပြီး ရုပ်ပိုင်းဆိုင်ရာ တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာ့နိုင်ငံအသီးသီးက မိမိတို့၏ ယဉ်ကျေးမှုများအား ထိန်းသိမ်းရာတွင် ဒြပ်မဲ့ယဉ်ကျေးမှုများကို အရေးကြီးသော အခန်းကဏ္ဍတစ်ခုအဖြစ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်။



(၂၃) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များ။

### မြန်မာ့လူသားယဉ်ကျေးမှုအစ

လွန်ခဲ့သောနှစ်သန်းပေါင်း ၄၀ ခန့်ကဟု ယူဆရသည့် အံ့သွားပါသည့် ပရိုင်းမိတ်မေးရိုးပုံတောင်ဂျီးယား (Pondaungia) ကျောက်ဖြစ်ရုပ်ကြွင်းကို ၁၉၇၈ ခုနှစ် ဧပြီလတွင် မန္တလေးတက္ကသိုလ် ဘူမိဗေဒဌာနမှ ကထိကဦးဘမော်နှင့် အဖွဲ့သည် ပုံတောင်ဒေသ မိုးကောင်းရွာအနီး သံတောင်အရပ်တွင် တွေ့ရှိခဲ့ခြင်းသည် မြန်မာနိုင်ငံတွင် ထိုအချိန်ကတည်းက လူတူပရိုင်းမိတ်များတည်ရှိရာ နိုင်ငံဖြစ်ကြောင်း သက်သေပြနေသည်။ ထို့ကြောင့် ကမ္ဘာ့လူမျိုးအစပုံတောင်ပုံညာကဟု ကမ္ဘာ့ပညာရှင်များက အသိအမှတ်ပြုခဲ့ကြသည်။

"မြန်မာနိုင်ငံ၌ ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ကြောင်းကို မြန်မာပြည်အထက် အညာဒေသတွင် အများဆုံး တူးဖော်တွေ့ရှိခြင်းကြောင့် မြန်မာ့ကျောက်ခေတ်ယဉ်ကျေးမှုကို အညာသားယဉ်ကျေးမှု (Anyathian Culture)ဟု သုတေသီများက အသိအမှတ်ပြုခဲ့ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀၀၀၀ ခန့်ကပင် လူများနေထိုင်ခဲ့ကြသည်ဟု ဆိုပါသည်။ မြန်မာ့ရေမြေတွင် လွန်ခဲ့သော အနှစ်သန်း ၄၀ က လူတူပရိုင်းမိတ်မှစ၍လွန်ခဲ့သော အနှစ်တစ်သန်းတစ်သိန်း၊ တစ်သောင်းမှသည် ကျောက်ချောခေတ် လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ခန့်အထိ မြန်မာလူသားမျိုးရင်းများ အဆက်မပြတ် နေထိုင်ခဲ့သည်ကို တွေ့ရပါ၏။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်အသီးသီးကို လွန်မြောက်ပြီး ကြေးလက်နက်ပစ္စည်းများကို စွဲကိုင်အသုံးပြုသော ကြေးခေတ်သည် လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ခန့်ကစတင် ရောက်ရှိခဲ့သည်။ ထို့နောက် ကမ္ဘာတွင်ရော မြန်မာမှာပါ ကြေးခေတ်ကို သံခေတ်က ဆက်ခံခဲ့သည်။"ဟု ဒေါက်တာတင်သိန်း(ဘူမိဗေဒ)၏ "လူသားအစ မြန်မာက" စာအုပ်ကို ကိုးကား၍ စာရေးဆရာ ချစ်စံဝင်းက မြန်မာအစမြန်မာက ဆောင်းပါးတွင် ဖော်ပြထားသည်။

### မြန်မာအစမြန်မာက

ထို့အတူ "တကောင်းကို လေ့လာသောအခါ တကောင်းတွင် ကျောက်ခေတ်နေလူသားတို့ နေထိုင်ခဲ့သော ဂူများ ကျောက်ကြမ်း၊ ကျောက်လယ်၊ ကျောက်ချောခေတ်ပစ္စည်းများ ကြေးခေတ်နှင့် သံခေတ်ပစ္စည်းများ သံချက်ဖိုကြီးများကို တွေ့ရှိရသောကြောင့် တကောင်းသည် လွန်ခဲ့သော နှစ်တစ်သောင်းခန့်လောက်မှစ၍ မြန်မာနိုင်ငံသားတို့နေထိုင်ခဲ့သောအရပ်ဟု ဆိုနိုင်ပါ၏။ ပြဒါးလင်းဂူတွင် ကျောက်လက်နက်ပစ္စည်း ပြုလုပ်သော အလုပ်ရုံကို တွေ့ရှိခြင်းသည် ပြဒါးလင်းဂူမှ ပန်းချီများ အဆင့်အတန်းမြင့်မားခြင်းတို့သည် ရှေးအစဉ်အဆက် မြန်မာရေမြေပေါ်တွင် နေထိုင်ကြသောသူတို့ ကုန်ထုတ်ပစ္စည်းများ၊ အနုပညာဖန်တီးမှုများ မိမိတို့ဘာသာ မိမိတို့ပြုလုပ်နေထိုင်ခဲ့ကြသည်ကို ပြဆိုလျက်ရှိပါ၏။ ကျောက်ခေတ်နှောင်း၊ ကြေးခေတ်၊ သံခေတ်အခါက နိုင်ငံပိုင်းခြား သတ်မှတ်မှုမရှိဘဲ မိမိတို့လူအုပ်စု အလိုက်ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းနေထိုင်မှုရှိလေရာ အခြားတစ်ပါးမှ လူမျိုးများ ဝင်ရောက်လာမှုသည်လည်း ပြဿနာတစ်ရပ် မဟုတ်ဘဲ အတူတကွ ယဉ်ကျေးမှုခြင်း ရောနှောနေထိုင် နိုင်ကြသည်။

တိုင်းတစ်ပါးမှ ဝင်ရောက်လာသူတို့သည် မြန်မာဒေသနေလူသား မျိုးရင်းများထက် အုပ်ချုပ်မှုပညာ ပိုမိုတတ်ကျွမ်းသူများ ဖြစ်နိုင်သည်။ ဒေသခံမြန်မာလူသား မျိုးရင်းအနွယ်များသည် မိမိတို့ရှိရင်းစွဲ ယဉ်ကျေးမှုအစဉ်အလာများ ရာသီဥတုသဘာဝပတ်ဝန်းကျင် အတွေ့အကြုံများ၊ ဘဝအတွေ့အကြုံများနှင့် ဝင်ရောက်လာသောလူမျိုးများ၏ အုပ်ချုပ်မှုမြို့ပြ တည်ထောင်မှု၊ အတတ်ပညာများ ပေါင်းစပ်နေထိုင် လာကြမည်ဖြစ်ရာ မြန်မာ၏အစသည် မြန်မာပြည်တွင်း၌သာ စတင်ခဲ့သည်ဟု ဆိုဖွယ်ရာသာ ရှိပါတော့သတည်း။" ဟု ဆရာချစ်စံဝင်းက မြန်မာမြို့ဟောင်း တကောင်း ရုပ်ပုံလွှာ၊ စာ ၂၆၃ တွင် ဖော်ပြထားသည်။

ဆိုလိုရင်းမှာ ယဉ်ကျေးမှုဟူသည် လူမျိုးတို့၏ အစဉ်အလာ၊ စရိုက်လက္ခဏာ၊ ရေမြေတောတောင် သဘာဝအပေါ် အခြေခံ၍ ပေါ်ပေါက်လာခြင်း ဖြစ်ပေရာ လူသားမျိုးနွယ်အစဟုပင် ခေါ်ဆိုရလောက်သည့် ကျောက်ခေတ်မှသည် ယနေ့အချိန်အထိ မြန်မာတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဂီတ၊ အနုပညာများသည် ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာခဲ့ခြင်း၏ သက်သေအထောက်အထားများစွာကို တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပုဂံမြို့များကို တူးဖော်ရာမှ တွေ့ရှိခဲ့သည့် အထောက်အထားများက သက်သေပြလျက် ရှိပေသည်။ ထိုထိုသောအထောက်အထားများကြောင့်ပင် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာနှင့် ပုဂံမြို့များသည် ကမ္ဘာ့အမွေအနှစ် နေရာများအဖြစ် သတ်မှတ်ခံရပြီး မြန်မာ့ဂုဏ်ကို ဆောင်လျက်ရှိပေပြီ မဟုတ်ပေလော။

### အဓိကသွင်ပြင်လက္ခဏာများ

မြန်မာနိုင်ငံသည် မြင့်မားသည့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများနှင့် ပြည့်စုံသည့် နိုင်ငံဖြစ်ပေရာ နိုင်ငံ၏ သမိုင်းနှင့်ချီပြီး ရှည်လျားခဲ့သည့် ရိုးရာအစဉ်အလာဒြပ်ရှိဒြပ်မဲ့ အထောက်အထားများအပြင် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည့် ကိုယ်ပိုင်ယဉ်ကျေးမှုအနုသုခုမ အစဉ်အလာများသည် မြန်မာနိုင်ငံ၏ ထူးခြားပေါ်လွင်သည့် အဓိကသွင်ပြင်လက္ခဏာများပင် ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဩဂုတ် ၁၁ ရက်က ပြုလုပ်သည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ (၂၀၀၈ ခုနှစ်) ပြဋ္ဌာန်းချက်ပါ ပုဒ်မ (၂၇)အရ နိုင်ငံတော်သည် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက်ထိန်းသိမ်းရေးအတွက် ကူညီဆောင်ရွက်မည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ (၃၃) အရ နိုင်ငံတော် အနေဖြင့် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ် မှန်ကန်ကြောင်းနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည့် အချက်ကိုလည်းကောင်း၊ ပုဒ်မ ၃၉၀(က)အရ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းအချက်ကို လည်းကောင်း အထူးအလေးထားကာ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နိုင်ငံတော်အဆင့် ခမ်းနား သိုက်မြိုက်စွာ ကျင်းပပေးလျက်ရှိပါသည်။

ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံတစ်နိုင်ငံအတွက် အဖိုးအနဂ္ဃ ထိုက်တန်သော ရတနာတစ်ပါးဖြစ်ပေသည်။

*စာမျက်နှာ ၁၇ သို့*

**✻ ယဉ်ကျေးမှုဟူသည် လူမျိုးတို့၏ အစဉ်အလာ၊ စရိုက်လက္ခဏာ၊ ရေမြေတောတောင်သဘာဝအပေါ်အခြေခံ၍ ပေါ်ပေါက်လာခြင်း ဖြစ်ပေရာ လူသားမျိုးနွယ်အစဟုပင် ခေါ်ဆိုရလောက်သည့် ကျောက်ခေတ်မှသည် ယနေ့အချိန်အထိ မြန်မာတို့၏ စာပေ၊ ယဉ်ကျေးမှု၊ ဂီတ၊ အနုပညာများသည် ခေတ်အဆက်ဆက် ပြောင်းလဲတိုးတက်လာခဲ့ခြင်း၏ သက်သေအထောက်အထား များစွာကို တကောင်း၊ ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ ပုဂံမြို့ များကို တူးဖော်ရာမှ တွေ့ရှိခဲ့သည့် အထောက်အထားများက သက်သေပြလျက်ရှိ**

## ရိုးရာဂီတ ထိန်းသိမ်းကြပါ

- ဓာတိပုညဂုဏ်မာနနှင့်
ရှိရထုံးတမ်း ပျက်မနွမ်းစေရေး
ယဉ်ကျေးပါလှ ဂီတသဘင်
နယ်ဉ်လှပ ဆိုကရေးတီး
ပြိုင်ပွဲကြီးကို ဝှဲချီးကျင်းပပေတော့မည်။
- နှစ်ဆယ့်လေးနှစ်မြောက် ချင်းနင်းရောက်ရ
ဆိုကရေးတီး ရှည်ခရီးဝယ်
ပေါင်းစည်းညီညွတ် မိတ်ဝတ်မပျက်
တစ်ချက်မယွင်း ပြည်တွင်းတိုင်းခရိုင်
ယှဉ်ပြိုင်ဝင်ကြ အနိုင်ရရေး
မပေးဦးစား ရည်ထားချစ်ခင်
ဒို့ရင်မှာစွဲ အသည်းသက်မျှ
စည်းလုံးကြလေ့။
- ပတ်သာစောင်းညှင်း ဒုံမင်းဂီတာ
မယ်ဒလင်ပါရော တယောဘင်ဂျို
သံချိုစဉ်ထား စန္ဒရားမကျန်
စစ်မှန်ဂီတ မြန်နဲ့အလှကို
ဖော်ပြယှဉ်ပြိုင် အနိုင်အရှုံး
နှလုံးစိတ်ဝမ်း မထားတမ်းတည့်။
- ကြေးကြိုးသားရေ လေနဲ့လက်ခုပ်
ပေါင်းထုပ်နရီ သံစဉ်ညီလျှက်
ကသည်ရိုးရာ သည်ပညာကို
တိုးကာဖြစ်ထွန်း တည့်ရှန်းမြမြ
သာသည့်လသို့ တောက်ပအရောင်
ထွန်းလင်းပြောင်အောင် ကြံဆောင်ကြိုးပမ်း
ဒို့တွေထမ်းရွက်ကြပါစို့။
- သြော် ကြုံသည့်အခိုက် စရိုက်လက္ခဏာ
အစဉ်ပါအောင်
မြန်မာဂီတ ဖော်ထုတ်ပြလော့
ရှယ်ကအသစ် မျိုးချစ်လူငယ်
နောင်ဝယ်လူကြီး ပွားစည်းပြည်ရွာ
အစဉ်သာအောင် မြဲသာကြိုးပမ်းကြပါစို့။

**(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာ၊ ဆို က ရေး တီး ပြိုင်ပွဲကြီးကို ကြိုဆိုလျှက်**

**ဘိုမျိုး(ရွှေဘို)**

## လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်း ဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

### ဥတ္တရသီရိ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် CAE ကိုယ်ပိုင်အထက်တန်းကျောင်း (နေပြည်တော်) ရှိ အောင်နိုင်သူခန်းမ၌ စက်တင်ဘာ ၁၈ ရက်က လူငယ်စကားဝိုင်းနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပသည်။ အခမ်းအနားတွင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမြတ်သိန်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက လူငယ်စကားဝိုင်းကျင်းပပေးရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းနှင့်အတူ Grade-12 မှ Grade-11 ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့သည်။ အဆိုပါ လူငယ်စကားဝိုင်းသို့ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဇော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**






### မုံရွာ

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အထက(၅)မုံရွာ ခန်းမ၌ လူငယ်စကားဝိုင်းနှင့်စာအုပ်စာစောင်ပြပွဲကို စက်တင်ဘာ ၁၉ ရက်က ကျင်းပသည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးနှင့်အတူ အထက်တန်းပြဆရာမ ဒေါ်အေးအေးမွန်နှင့် အထက်တန်းကျောင်းသား ကျောင်းသူလေးဦးတို့က ဦးဆောင်ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ မေးမြန်းမှုများကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ဆွေးနွေးပွဲအပြီးတွင် ဦးဆောင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်ပညာရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးဆိုးကျိုးများအကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်များ ခင်းကျင်းပြသသည်။ **ခရိုင်(ပြန်/ဆက်)**

### ခရမ်း

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က ခရမ်းမြို့ အခြေခံပညာအထက်တန်း (ကွမ်းမိုးဒိန်း)ကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ခရမ်းမြို့နယ် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူမြင့်က အမှာစကားပြောကြားပြီး ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးကြသည်။ လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်ပြပွဲကို ခင်းကျင်းပြသထားရာ



တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

*စာမျက်နှာ ၁၆ မှ*

ယဉ်ကျေးမှုအမွေအနှစ်သည် နိုင်ငံနှင့် လူမျိုးအတွက် ဂုဏ်ယူဖွယ်ရာ တန်ဖိုး ထားအပ်သည့်အရာဖြစ်သည်။ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်းသည် ယဉ်ကျေးမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်း၏ ပြယုဂ်ပင်ဖြစ်သည်။ ဘာသာအယူဝါဒများ၊ ဓလေ့ထုံးစံများ၏ အဆုံးအမနှင့် လမ်းညွှန်မှုများအောက်တွင် ကိုယ်အမူအရာနှင့် စိတ်နေစိတ်ထား ယဉ်ကျေးသိမ်မွေ့ခြင်း၊ စာနာထောက်ထားခြင်း၊ ခေတ်မီတိုးတက်သည့် ယဉ်ကျေးသော လူ့အဖွဲ့အစည်းများ ထူထောင်ခြင်း၊ ယဉ်ကျေးလာအောင်ပြုလုပ်ခြင်း၊ ခေတ်ကာလအလျောက် ထွန်းကားလာသော ယဉ်ကျေးမှုအနုပညာများကို ခံစားနားလည်ခြင်း၊ မြတ်နိုးတန်ဖိုးထားခြင်း၊ အဆိုပါ အစဉ်အလာကောင်းများ ဓလေ့ထုံးတမ်းများကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဖွံ့ဖြိုးတိုးတက်အောင် လေ့ကျင့်ပျိုးထောင်ခြင်းများသည်ပင် ယဉ်ကျေးမှု၏ အနှစ်သာရဖြစ်သည်။

### မြန်မာတို့၏ ကိုယ်ပိုင်အလှတရား

ထို့အတူ အလှတရားဆိုသည်မှာ လူပုဂ္ဂိုလ်၊ တိရစ္ဆာန်၊ နေရာ၊ အရာဝတ္ထု သို့မဟုတ် အတွေးအမြင်တို့မှနေ၍ ပျော်ရွှင်မှု၊ အဓိပ္ပာယ်ရှိမှု၊ ကျေနပ်နှစ်သိမ့်မှု စသည်တို့ကို ခံစားသိရှိစေနိုင်သည့် သွင်ပြင်လက္ခဏာတစ်ခု ဖြစ်သည်။ အလှတရားကို အနုသုခုမ ဒဿနပညာ၊ လူမှုဗေဒ၊ လူမှုရေးဆိုင်ရာ စိတ်ပညာနှင့် ယဉ်ကျေးမှု အစရှိသည့် ဘာသာရပ်တို့၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လေ့လာကြလေ့ရှိသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုသည် မြန်မာတို့၏ ကိုယ်ပိုင်အလှတရားပင်ဖြစ်ပေသည်။ မြန်မာနိုင်ငံသည် လူမျိုးပေါင်း ၁၃၅ မျိုးတို့ဖြင့် ဖွဲ့စည်းထားရှိပေရာ အရောင်အသွေးစုံလင်လှသည့် ယဉ်ကျေးမှုနှင့်အလှတရားပေါင်းစုံတို့၏ ပေါင်းစည်းရာ နိုင်ငံတစ်နိုင်ငံဟုဆိုလျှင်ပင် မမှားနိုင်ပေ။

ထို့ကြောင့်ပင် **"ယဉ်ကျေးမှုပယ်၊ လူမျိုးကွယ်မည်၊ မပြတ်အစဉ်သတိယှဉ်၍၊ စောင့်ရှောက်ကြလေ တို့အမွေ"** ဆိုသည့်အတိုင်း ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ့်ရိုးရာအမွေအနှစ်များကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာ တစ်ပါးသူများက တန်ဖိုးထားလာမည်ဖြစ်သည်။ ထို့ပြင် ဘိုးဘွား ဘီဘင် အစဉ်အဆက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ယဉ်ကျေးမှုနှင့် အနုပညာကို ခေတ်စနစ်နှင့်အညီ တည်ဆောက်ဖန်တီးနိုင်မှသာ ယဉ်ကျေးသော လူမျိုးအဖြစ် ဂုဏ်ယူနိုင်မည်ဖြစ်သည်။ ဒြပ်ရှိယဉ်ကျေးမှုများကို သဘာဝဘေးအန္တရာယ်များနှင့် လူတို့အန္တရာယ်များ ကျရောက်မှုမှ ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုများမှာ တိုင်းရင်းသားလူမျိုးများ အားလုံးကြားတွင် တည်ရှိနေသဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် အရေးပါလှသည့် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နိုင်ငံတော်အစိုးရကကြီးမှူး ကျင်းပပေးနေခြင်းသည် မြန်မာမှုအနုသုခုမနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုကို မြတ်နိုးကြသူများအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာပင် ဖြစ်ပေသည်။ ယင်းကဲ့သို့ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် အမျိုးသားရေး ဓလေ့စရိုက်လက္ခဏာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် တာဝန်မှာလည်း နိုင်ငံတော်အစိုးရတွင် သာမက အမိမြန်မာနိုင်ငံသားတိုင်း အပေါ်တွင် တည်ရှိနေပေသည်။ အဘယ့်ကြောင့်ဆိုသော် "ကမ္ဘာမကျေ၊ မြန်မာပြည်၊ တို့ဘိုးဘွားအမွေအနှစ်မို့ ချစ်မြတ်နိုးပေ"ဟု သံပြိုင်ဟစ်ကြွေးခဲ့ကြပြီး မဟုတ်ပါလော။ ။


ကိုးကား -

(၁) https://myanmar.gov.mm/my/culture-heritage

(၂) ၁၂-၈-၂၀၂၃ ရက်နေ့ထုတ်၊ မြန်မာ့အလင်း သတင်းစာ။

(၃) မြန်မာမြို့ဟောင်း တကောင်းရုပ်ပုံလွှာ စာအုပ်၊ ချစ်စံဝင်း။

(၄) https://my.wikipedia.org

# အသိပေးကြေညာခြင်း

နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်သည် မော်တော်ယာဉ်များအား လစဉ်အရစ်ကျ ငွေပေးချေသော စနစ်ဖြင့် ဝယ်ယူပေးခြင်းဖြစ်သော အငှားဝယ်ချေးငွေစနစ် ( Hire Purchase System) လုပ်ငန်းအား ဆောင်ရွက်ခဲ့ရာတွင် ဆန္ဒဘုန်းပြည့်မိသားစုကုမ္ပဏီလီမိတက် (ခ) ဆန္ဒဘုန်းပြည့်မြန်မာဂရုအော့ဖ်ကုမ္ပဏီ လီမိတက်မှ အခွင့်ရ ဆက်သွယ်သူအဖြစ် ဆောင်ရွက်ရန် သဘောတူညီချက်နှင့်အတူ ၎င်းကုမ္ပဏီမှချိတ်ဆက် ဆောင်ရွက်ခဲ့သော အောက်ဖော်ပြပါ အငှားဝယ်ယူသူများသည် မော်တော်ယာဉ်များအတွက် အငှားဝယ်ချေးငွေများကို ဘဏ်သို့ အပြေအကြေ ပြန်လည်ပေးဆပ်ခြင်းမရှိပါသဖြင့် သက်ဆိုင်ရာတရားရုံးအသီးသီးတွင် အငှားဝယ်ယူသူများနှင့် အခွင့်ရဆက်သွယ်သူကုမ္ပဏီအား ဥပဒေနှင့်အညီ တရားစွဲဆိုထားရှိပြီးဖြစ်ပါသည်။

အဆိုပါ မော်တော်ယာဉ်များနှင့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် ယာဉ်မှတ်ပုံတင်စာအုပ် (Owner Book)မူရင်းများသည် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်တွင် အာမခံအဖြစ်ထားရှိသောကြောင့် အငှားဝယ်ချေးငွေများ ဘဏ်သို့ ပြေကြေစွာပေးဆပ်ခြင်းမရှိမီအထိ မော်တော်ယာဉ်များသည် ဘဏ်၏ ပိုင်ဆိုင်မှုပစ္စည်းအဖြစ် ဆက်လက်တည်ရှိလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အငှားဝယ်ချေးငွေရယူပြီး မော်တော်ယာဉ်လက်ဝယ်ရှိသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် မော်တော်ယာဉ်လက်ဝယ်ရှိသူများအနေဖြင့် မိမိတို့လက်ဝယ်ရှိ မော်တော်ယာဉ်များနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု ခိုင်မာစေရေးဘဏ်နှင့် အမြန်ဆုံးဆက်သွယ် စုံစမ်းမေးမြန်းဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

| | | | | | |
|---|---|---|---|---|---|
| ဦးသန်းဆွေ | MITSUBISHI PAJERO | 3B/9778 | ဦးချိုဝင်း | HYUNDAI STAREX | 6L/3385 |
| ဦးမြတ်ထွေးအောင် | HYUNDAI BUS | 6C/6967 | ဦးမိုးကျော်အောင် | GUILIN DAEWOO BUS | 9L/2270 |
| ဦးသင်းနိုင် | SKAT SOWAR | 5F/7394 | ဦးအောင်ဇော်ဦး | SCANIA TRACTOR HEAD | 9L/7815 |
| ဦးဇော်ဝမ်းသိန်း | SKAT SOWAR | 1G/2122 | ဦးခင်မောင်ဦး | NISSAN TRACTOR HEAD | 9L/9838 |
| ဒေါ်လှိုင်လှိုင်ဝင်း | LIFAN DUMP TRUCK | 4H/4612 | ဒေါ်မြတ်မြတ်မျိုး | FORLAND TRUCK | 9L/9882 |
| ဒေါ်ခင်သီတာအေး | YUTONG BUS | 2I/3030 | ဦးမောင်မောင်ဦး | KIA BUS | 2M/3884 |
| ဒေါ်ခင်နွယ်ဦး | YUTONG BUS | 4I/5828 | ဒေါ်ဖြိုးသစ္စာဝင်း | SCANIA TRACTORHEAD | 4M/8160 |
| ဦးသက်လွင် | LIFAN DUMP TRUCK | 2J/3320 | ဦးထွန်းမောင်မောင်ဦး | KIA BUS | 7M/6853 |
| ဦးအောင်ဆန်းမင်း | HYUNDAI STAREX | 4J/9560 | ဦးထွန်းထွန်းလွင် | HIGER BUS | 1N/5273 |
| ဒေါ်မိမိစံ | HYUNDAI STAREX | 6J/7719 | ဦးသက်အောင်ဇော် | DIAHATSU HIJET | 2N/2977 |
| ဦးအောင်ဆန်းဝင်း | AUMARK LIGHTTRUCK | 8J/8263 | ဦးထက်မြတ်ခန့်ဝင်း | MAN TRACTORHEAD | 5N/6907 |
| ဒေါ်ကြူကြူဇော် | KIA BONGO BUS | 9J/6635 | ဦးသန်းဇော် | YUTONG BUS | 6N/8852 |
| ဦးမြင့်အောင် | HYUNDAI STAREX | 2K/9375 | ဦးဝင်းကိုကို | MAN TRACTORHEAD | 7N/1876 |
| ဦးထက်ပြေငြိမ်း | FORLAND TRUCK | 2K/9435 | ဦးအောင်မင်းသိန်း | MAN TRACTORHEAD | 7N/9918 |
| ဒေါ်ရီရီမြင့် | HIGER BUS | 4K/5734 | ဦးဝင်းဖြိုး | MAN TRACTORHEAD | 9N/2997 |
| ဒေါ်ကေဇင်သန့် | HIGER BUS | 4K/5762 | ဦးအောင်မျိုးဇော် | DAEWOO BUS | 9N/9077 |
| ဒေါ်မိုးမမအေး | SUZUKI CARRY | 6K/3233 | | | |

**နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်**
**အမှတ်(A-09)၊ သီရိကျော်စွာလမ်း၊ သီရိရတနာအဆင့်မြင့်ဈေး၊**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။**
**အသေးစိတ်သိရှိလိုပါက – ၀၆၇-၄၂၂၆၉၉ (ချေးငွေဌာန(ရုံးချုပ်))**
**၀၆၇-၄၁၇၇၈၁ (ဥတ္တရသီရိဘဏ်)**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ လူနေရပ်ကွက်အမှတ် (၅)၊ မြေကွက်အမှတ် (၇၂၀-က+ခ)ဟုခေါ်တွင်သော အလျားပေ ၄၀xအနံပေ ၆၀ အကျယ်အဝန်းရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ် ၆၀ ဂရန်အမည်ပေါက် RAUM(ခ)ဦးကျော်လှမိုး ၁၂/အစန(ပြု)၀၀၀၂၁၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယမင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၆၀-က)၊ ပတ္တမြားလမ်း၊ (၅/၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း–၀၉-၄၄၁၆၄၁၁၅၁**

# ပတ်စ်ပို့ပျောက်

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၄၂x၄၃ကြား၊ ၆၃(ဘီ)လမ်းနေ (ဘ)ဦးရွှေဘုန်းကျော်ခင်၏ သမီး ကျွန်မ မပြည့်ပြည့်ဖြိုး ၉/မဟမ(နိုင်)၀၇၁၃၂၇ ၏ ယခင် နိုင်ငံကူးလက်မှတ် အမှတ် (MB-060890)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉-၈၈၂၂၅၁၁၅၅**

# ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/5024 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**(ရွာသာကြီး)**

# ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်းအမှတ်(၃၉)၊ မြင်းကရွာမကွင်း နှင့် ၄၀၊ Kalaw Villa အိမ်ရာစီမံကိန်းမြေကွက်၊ ဦးပိုင် အရေအတွက် (၂၁)ကွက်၊ ဧရိယာ စုစုပေါင်း (၁၉ဒသမ ၅၁)ဧကရှိ ဂရန်မြေကွက်ကြီးအား ခွဲစိတ်၍ ထွက်ပေါ်လာသော ဧရိယာ(3003)Sqft အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်အတွက် ရရှိထားသော ရေ၊ မီးနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား Oh Si Mountain Public Co.,Ltdထံမှ ဦးဇာနည်နေသွေး ၁၂/လသန(နိုင်)၀၂၀၈၀၇က ဝယ်ယူပိုင်ဆိုင်ထားသည့် မြေကွက်ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ မြေကွက်၏ အကျိုးခံစား ခွင့် အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ပြောဆိုဝန်ခံသူ ဦးဇာနည်နေသွေး ၁၂/လသန(နိုင်)၀၂၀၈၀၇ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အိမွန်ဦး ၁၂/တကန(နိုင်)၁၆၃၄၀၈၈က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထား ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၅ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်ချစ်ချစ်စံ(LL.B)** | **ဦးစန်းမင်းဦး(LL.B)** | **ဒေါ်ခိုင်စုဝေ(ခ)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **ဒေါ်ငုဝါဝါလွင်(LL.B)** |
| **စဉ်–၁၇၀၇၁** | **စဉ်–၅၁၅၃၁** | **အထက်တန်းရှေ့နေ** |
| | | **စဉ်–၅၁၈၂၂** |

**အမှတ်(B-5)၊ အခန်း(၂၀၁)၊ ရွှေကမ္ဘာအိမ်ရာ၊ မင်းဓမ္မလမ်း၊ (၃)ရပ်ကွက်၊**
**မရမ်း ကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း–၀၉-၄၁၀၀၈၆၉၅၊ ၀၉-၂၅၈၀၀၁၇၉၇**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ–၂၀)**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၇**

ဒေါ်ငုမွန်ဖွေးဖွေးအောင် **နှင့်** ဦးစိုးထွန်း
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၄)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်–၅၆၉နေ ဦးစိုးထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင်ကိုယ်စားရုံးတော်အခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၉ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ပါသူ တရားလို ၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဉာဏ်လင်းထက်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

# မိခင်အမည်မှန်

မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ ကုန်သည်လမ်းနေ ဦးကျော်ကျော်နွယ်၏သမီးများဖြစ်သော မနှင်းသဇင်ဦးနှင့် မြိတ်တက္ကသိုလ်တွင် နောက်ဆုံး နှစ် ပထဝီဝင်အထူးပြုဖြင့် တက်ရောက်ပညာသင်ကြားနေသော မစုမြတ်ဝင်းတို့၏ မိခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စု စာရင်းအရ ဒေါ်ဝင်းငွေး ၆/ကစန(နိုင်) ၀၄၆၅၁၈ ဖြစ်ပါ ကြောင်း။

# မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ ကျွဲကူးရွာ၊ အဏ္ဏဝါရပ်ကွက်နေ (ဘ)ဦးလှရွှေ၏သမီး ဒေါ်သီသီဆွေ ၆/မအရ(နိုင်)၀၂၄၂၇၏ မွေးသက္ကရာဇ် အမှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်အရ ၂၄-၂-၁၉၆၅ ဖြစ်ပါကြောင်း။

# မွေးသက္ကရာဇ်အမှန်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ စန္ဒဝတ်ရွာ၊ သုခရိပ်သာလမ်းနေ (ဘ)ဦးသန်းနိုင်၏သမီး ဒေါ်သန်းသန်းမော် ၆/မမန(နိုင်)၁၅၄၅၁၈၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်အရ ၆-၁၁-၁၉၈၂ ဖြစ်ပါကြောင်း။

# ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/9313 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

# ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာအုပ်စု၊ စာသင်ကျောင်း၏ ရှေ့လမ်းသွယ်၊ အိမ်အမှတ်(၁၃၅)၊ အကျယ်အဝန်း(၅၀x၅၈)ပေရှိ မြေကွက်၊ နေအိမ်၊ လျှပ်စစ်မီတာ၊ အဝီစိတွင်း အပါအဝင် မြေနှင့် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးအောင်ချစ်စု ၇/ကကန(နိုင်)၀၃၆၆၅၇ထံမှ ဒေါ်မြလေးအောင် ၅/တမန(နိုင်)၀၄၃၃၂၀က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေတစ်စိတ် တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဒေါ်မြလေးအောင်** | **ဦးနေမျိုးဇော်(LL.B,D.B.L)** |
| **၅/တမန(နိုင်)၀၄၃၃၂၀** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၁၃၅)၊ခေမလမ်း၊ ရပ်ကွက်ကြီး(၁)၊** |
| | **ပြင်ဦးလွင်မြို့** |

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/15646, Yunde-110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၆၇၆၁၉, Honda Wave -125, ယာဉ် လက်ဝယ်ရှိသူ ဒေါ်စန်းစန်းမြင့် ၁၃/သရန(နိုင်)၁၀၂၃၅၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

# မွေးသက္ကရာဇ်အမှန်

အထက(၂) စစ်တွေ Grade-11မှ ဦးထွန်းဝင်း ၁၁/မတန(နိုင်)၀၁၂၀၃၅၏သမီး မချောငြိမ်းထွန်း၏ မွေးသက္ကရာဇ် အမှန်မှာ ၁၁-၁၂-၂၀၀၆ ဖြစ်ပါကြောင်း။

**မချောငြိမ်းထွန်း**

# မိဘအမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အထက(၂) Grade-12 အခန်း(E) ၌ တက်ရောက်နေသည့် မောင်ဆန်းမင်းဇော်၏ မိဘအမည်မှန်မှာ ဦးဖြူလှရွှေ ၁၁/ကဖန(နိုင်)၀၅၇၅၀၄ နှင့် မဝင်းကြည် ၁၁/ကဖန(နိုင်) ၁၀၃၈၈၆ ဖြစ်ပါကြောင်း။

# ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် F/8787 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

# ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့၊ အထက (ကလေးဝ) Grade-12 တွင် ပညာသင်ကြားနေသော မောင်ပြည့်စုံထွန်း၏ ဖခင်အမည်မှန်မှာ ဦးဘိုးထူး ၅/ကလဝ(နိုင်)၀၀၀၁၁၅ ဖြစ်ပါကြောင်း။

# ဖခင်အမည်မှန်

အောင်လံခရိုင်၊ အောင်လံမြို့၊ အထက (၁)ကျောင်း၊ Grade-3၊ အခန်း (A) တွင် ပညာသင်ကြားနေသော မောင်ပိုင်ဖြိုးသူ၏ ဖခင်အမည်မှန်မှာ ဦးလှိုင်မိုးဝင်းသော် ၈/အလန(နိုင်)၁၂၆၅၄၉ ဖြစ်ပါကြောင်း။

**ဦးလှိုင်မိုးဝင်းသော်**

# တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အထက (၅) တာမွေမှ ဒေါ်စန်းစန်းငွေး (စာရေး-၂)၏ဖခင် ဦးယုံမြန်ဟောင်း ၁၂/သကတ(နိုင်) ၀၈၆၆၃၉နှင့် ဦးမြန်ဟောင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

# ဖခင်အမည်မှန်

အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ အထက (ပြလို့)ကျောင်း Grade-12 အခန်း (B)တွင် ပညာသင်ကြားနေသော မအိမွန်ဖြိုး၏ဖခင် အမည်မှန်မှာ ဦးဟန်လွင်ဖြိုး ၈/အလန(နိုင်)၁၂၂၃၉ ဖြစ်ပါကြောင်း။

**ဦးဟန်လွင်ဖြိုး**

# အများသိစေရန်အသိပေးကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ် (၉၀-ဈေးချို)၊ ဦးပိုင်အမှတ် (၄၁+၄၄)၊ မြေဧရိယာ (၀.၃၉၀+ ၀.၄၄၃)ဧကရှိ ဘိုးဘပိုင်မြေကွက်များအား မူလပိုင်ဆိုင်သူများအမည်မှ ဒေါ်ချိုချိုလေး၊ ဒေါ်ယဉ်ယဉ်လေး၊ ဦးကျော်ဦး၊ ဒေါ်စန်းစန်းလေး၊ ဒေါ်နွဲ့နွဲ့စမ်းတို့၏အမည်သို့ မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် ဘိုးဘပိုင်အမှုတွဲအမှတ်-၀၅၄/ဘိုးဘ/၂၀၂၃-၂၀၂၄အရ အမည်သို့ အမည်ပြောင်းလဲခွင့် လျှောက်ထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များနှင့် မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီဌာနရုံးသို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူများမရှိပါက အမည်ပြောင်းလဲခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ဝင်းအေး (တရားလွှတ်တော်ရှေ့နေ)**
**စဉ်–၁၀၂၄၃(၂၇-၁-၂၀၁၅)**
**အမှတ် (၅၅)၊ တက္ကသိုလ်ပတ်လမ်း၊ တောင်ပိုင်းရပ်၊ မော်လမြိုင်မြို့၊**
**ဖုန်း–၀၉-၄၂၅၃၆၃၈၈၅**

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေကွက်အမှတ်(ပ-၂၃၉၀၄) ကို အမည်ပေါက် ဦးမြဝင်း (ဘ)ဦးချစ်သောင်း ၁၂/မရက(နိုင်)၀၈၄၃၀၀၈၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခင်ဇာလှိုင် (ဘ)ဦးလှမြင့် ၇/ကဝန(နိုင်) ၁၀၇၀၃၈မှ ဒေါ်အေးအေးမွန် (ဘ)ဦးသန်းကြွယ် ၈/တတက(နိုင်) ၀၆၈၀၂၁နှင့်မှတ်ပုံတင် အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅/၂၀၁၆ (၆-၁-၂၀၁၆)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်မ ဒေါ်ကေခိုင်ဝင်း(ဘ)ဦးသိန်းဝင်း ၁၂/မရက(နိုင်) ၁၃၄၁၃၆က မြန်မာနိုင်ငံသားများဘဏ်(MCB)၏ လက်ထောက်အထွေထွေမန်နေဂျာ ဦးလှဝင်းမြင့်(ဘ)ဦးအောင်မြင့်သိန်း ၁၂/သလန(နိုင်) ၀၇၃၉၇၆အား ရန်ကုန်မြို့ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ (၄-၂-၂၀၂၂)ရက်တွင် လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ် လွှဲစာအမှတ် (၂၀၂၄/၂၀၂၂)ကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေခိုင်ဝင်း ၁၂/မရက(နိုင်)၁၃၄၁၃၆**
**အမှတ်(၁၉/ခ)၊ ပါရမီလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)**
**သနပ်ပင်မြို့နယ်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၂၅**

ဒေါ်ရွှေစင်မင်း နှင့် ၁။ ဦးဖြိုးမောင်မောင်
၂။ ဒေါ်အင်ကြင်းဝေ
**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ က/၅၂ ဇော်တိကလမ်း၊ သွန်းဘုရားရပ်နေ ဦးဖြိုးမောင်မောင်နှင့် ဒေါ်အင်ကြင်းဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရွှေစင်မင်းက ငွေသိန်း (၄၀)ကျပ်ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက် သည်။ **(ဝါဝါကျော်)**

**တွဲဖက်မြို့နယ်တရားသူကြီး**
**သနပ်ပင်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့၊ ကြိမ်ခါးကုန်းကျေးရွာနေ ဦးကျော်ကျော်နိုင်(ခ)ဦးကျော်ကျော် ၇/ကတခ(နိုင်)၁၄၃၃၃ မှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် ဇနီးဖြစ်သူ မရင်ရွှေ(ခ)မယဉ်ရွှေ ၇/ကတခ(နိုင်)၁၃၁၈၅၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 67W/57869, Haojue 100, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရတနာဝင်း ၁၄/အဂပ(နိုင်)၁၈၄၈၅၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**




## ပတ်စ်ပို့ပျောက်
မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၄၂x၄၃ကြား၊ ၆၃ (ဘီ)လမ်းနေ (ဘ)ဦးရွှေဘုန်းကျော်ခင်၏သမီး ကျွန်မ မခိုင်ဟေမာန်ကျော် ၉/မဟမ(နိုင်)၀၇၇၄၆၆၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MB-060889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၈၂၂၅၁၁၅၅**

## ပတ်စ်ပို့ပျောက်
ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၊ ပြည်ထောင်စုလမ်းမကြီး၊ အိမ်အမှတ် ဈ(၁၁၉)နေ ဦးထွန်းငွေ၏သမီး ကျွန်မ ဒေါ်နုနုယဉ် ၁၃/မဆတ (နိုင်)၀၀၀၃၃၀၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MB-062121)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၁၈၂၂၆၇၇**

## အမည်ပြောင်း
တောင်ကုတ်မြို့၊ ကိုင်းရှည်ရပ်ကွက်၊ အလက(ခွဲ)ကိုင်းရှည် Grade-5 မှ (ဘ)ဦးထွန်းကြည် ၁၁/တကန(နိုင်) ၀၇၆၂၅၀၏ သမီး မဇွန်ယမုံအား မလင်းမြတ်သူဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်
ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ အထက(မြို့မ) Grade-12 မှ မောင်ဆန်းဦး၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွန်းခိုင် ၁၁/မဥန(နိုင်) ၀၇၃၈၈၂ ဖြစ်ပါကြောင်း။
**ဦးမောင်ထွန်းခိုင်**

## ဖခင်အမည်မှန်
ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဂုပ္ပိုထောင့်ကျေးရွာ၊ အထက(ခွဲ) Grade-5 မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်စောလှ ၁၁/ကတန(နိုင်) ၀၉၄၉၆၂ ဖြစ်ပါကြောင်း။ **ဦးအောင်စောလှ**

## မိခင်အမည်မှန်
ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ အထက(မြို့မ) Grade-12 မှ မောင်ကျော်ကျော်ဌေး၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်ချောဝင်း ၁၁/ကတန(နိုင်) ၁၀၈၅၃၉ ဖြစ်ပါကြောင်း။
**ဒေါ်ခိုင်ချောဝင်း**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ
တောင်ငူမြို့၊ (၂)ရပ်ကွက်၊ အကွက်အမှတ် (၄)၊ ရခိုင်စု၊ ဦးပိုင်အမှတ်(၂၉/ဃ)၊ ဧရိယာ ၀.၀၃၅ကေရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၂၉/င)၊ (ခ)အနောက်လားသော်- ဦးပိုင်(၂၉/ခ)၊ (ဂ) တောင်လားသော်-ဦးပိုင် (၂၇/ဃ)၊ (ဃ) မြောက်လားသော်-ဦးပိုင်(၂၄/ခ+၂၄/ဃ)၊

